www.free4readers.com

PYI MYANMAR NEWS JOURNAL

# ပြည်မြန်မာ

သတင်းဂျာနယ်

www.pyimyanmarnews.com အမှတ် (၁၆၉) 14-3-2019 ( ကြာသပတေးနေ့ )

ကိုရီးယား-မြန်မာချစ်ကြည်ရေး (၁၀) တံတား၏ ၁၀ဘက်ခြမ်းချဥ်းကပ်တံတား တည်ဆောက်မှုစတင် စာ-၂၂

## ရန်ကုန်မြို့သစ်စီမံကိန်းအနီးတွင် ကျပ် သိန်း ၈၀ ခန့်ဖြင့် ရောင်းချပေးမည့် တိုက်ခန်းများတည်ဆောက်ရန် အစိုးရထံ တင်ပြ

ရန်ကုန်မြို့အနောက်ဘက်ကမ်းတွင် ဆောင်ရွက်မည့် ရန်ကုန်မြို့သစ်စီမံကိန်းအနီးတွင် ငွေကျပ်သိန်း၈၀ခန့်ဖြင့် ရောင်းချပေးမည့်တန်ဖိုးနည်းတိုက်ခန်းများကို ၅ နှစ်စီမံကိန်းဖြင့် တည်ဆောက်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပြီဖြစ်ကြောင်း တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။

တည်ဆောက်မည့်အိမ်ရာစီမံကိန်းအတွင်း အခန်းအရွယ်အစားကို စတုရန်းပေ ၃၀၀ အမျိုးအစား စတူဒီယို Type အမျိုးအစားနှင့် စတုရန်းပေ ၄၉၀ အမျိုးအစားတို့ အဖြစ်တည်ဆောက်ရန် စီစဉ်ထားပြီး စတုရန်းပေ ၃၀၀ အမျိုးအစားအခန်းတွင် ပါကေး၊ ကြွေပြား၊ရေချိုးခန်းအိမ်သာတို့ပါဝင်ကာ တစ်ခန်းလျှင် ငွေကျပ်သိန်း ၈၀ ၊ စတုရန်းပေ ၄၉၀ အမျိုးအစားတွင် ပါကေး၊ ကြွေပြား၊ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုခန်းနှင့် ပရိဘောဂများထည့်သွင်းပေးထားမည်ဖြစ်ကာ တစ်ခန်းလျှင် ၁၉၆ သိန်းဖြင့်ရောင်းချပေးရန်စီစဉ်ထားကြောင်း၊ အိမ်ရာစီမံကိန်းအခန်းများအတွက် ဓာတ်လှေကားအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခန်းများကို . . . . စာ-၁၀



အစိုးရကိုတင်ပြထားသည့် စီမံကိန်းပုံစံ

မေငယ်

## နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းရှိ ကျွန်းစိုက်ခင်း၌ သစ်တောဆိုင်ရာပြတိုက် တည်ဆောက်မည်

စာ-၂



ရှိန်းဝင်းထိုက်

စာ-၅ လားရှိုးလေဆိပ်ကို နိုင်ငံခြားမှ စင်းလုံးငှား လေယာဉ်ငယ်များဆင်းသက်နိုင်ရန် အဆင့်မြှင့်တင်မည်

စာ-၆ မြန်မာ့ကြယ်လိပ်မကို ကမ္ဘာပေါ်တွင် အကြီးဆုံးကြယ်လိပ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ဟု ဆို

၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သော မြောင်းမြတံတား၏ ခံနိုင်ဝန်ကို ကုန်တင်ကားများဖြင့် စမ်းသပ်မည် စာ-၄

စာ-၉ ဂျာမနီ လက်ကား ရောင်းဝယ်ရေး လုပ်ငန်းစုကြီး မြန်မာပြည်ဈေးကွက်သို့ စတင်ဝင်ရောက်

ARYU INTERNATIONAL HOSPITAL
GLOBAL CARE within reach

အာယု အင်တာနေရှင်နယ် ဆေးရုံကြီးတွင်
ပြင်ပလူနာဌာနနှင့်အတွင်းလူနာဌာန ဝန်ဆောင်မှုများ
ပြီးပြည့်စုံစွာရရှိနိုင်ပြီဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၉၃၇၆၂၀၀ www.aryuhospital.com

www.free4readers.com


THE CENTRAL PRESTIGE
YANGON

UNVEILING
THE MOST PRESTIGIOUS TOWER AT
THE CENTRAL

THE BEST AND THE LAST
INYA LAKE-VIEW TOWER




HOTLINE
+959 777 773 770
/THECENTRALYANGON

GALLERY SHOWROOM
No. 7-8, Kabar Aye Pagoda Road,
Yankin Township, Yangon, Myanmar.
WWW.THECENTRAL.COM.MM

DEVELOPED BY
MARGA LANDMARK

All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.

www.free4readers.com



# နိုင်ငံပိုင် မြေရာ၊ အဆောက်အအုံများကို အမှန်တကယ် ရင်းနှီးမြှုပ်နှံမည့်သူများကိုသာ ငှားရမ်းစေနိုင်ရေး ဆောင်ရွက်ထားဟုဆို


(ဓာတ်ပုံ-စက်မှုဝန်ကြီးဌာန)

နိုင်ငံပိုင် မြေရာ၊ အဆောက်အအုံများကို အမှန်တကယ်ရင်းနှီးမြှုပ်နှံမည့်သူများကိုသာ ငှားရမ်းစေနိုင်ရေးအတွက် ဆောင်ရွက်ထားကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က မတ်လ ၇ ရက်က ပြောသည်။

"စာချုပ်များချုပ် ဆိုထားပြီး ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး စာချုပ်ပါအချက်အလက်တွေအတိုင်း ဆောင်ရွက်မှုရှိ၊ မရှိကိုလည်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး ကြီးကြပ်စစ်ဆေးမှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။ ချုပ်ဆိုပြီး စာချုပ် တွေကို ပြန်လည်စိစစ်ပြီး ပြန်လည်ညှိနှိုင်းဖို့ လိုအပ်တဲ့အချက်တွေရှိရင်လည်း လုပ်ထုံးလုပ်နည်းအတိုင်း ပြန်လည်ညှိနှိုင်း ပြင်ဆင်ရေးကိုလည်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု ဒုတိယ ဝန်ကြီးကပြောသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ၂၀၁၁ ခုနှစ်မှ ယနေ့အထိ **နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အအုံများ အသုံးပြုပြီး လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်း ၁၆၉ ခုကို ခွင့်ပြုပေးခဲ့ပြီး** ယင်းလုပ်ငန်းများတွင် ပြည်တွင်းကုန်ကြမ်းများအပေါ် တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်၍ သွင်းကုန် အစားထိုးသည့်လုပ်ငန်းများ၊ လမ်း၊ တံတား၊ ကုန်းတွင်းဆိပ်ကမ်းများ၊ နိုင်ငံတကာဆိပ်ကမ်းများနှင့် နိုင်ငံတကာ လေဆိပ်များ၊ နိုင်ငံတကာအဆင့်မီ ဟိုတယ်များ၊ နိုင်ငံတကာအဆင့်မီအိမ်ရာနှင့် ရုံးခန်းများ တည်ဆောက်ငှားရမ်းခြင်းများ၊ ဈေးဝယ်စင်တာများ နှင့် စူပါမားကတ်များ ပါဝင်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အအုံများအပေါ် အခြေခံ၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီးသည့် နောက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှု၊ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အပေါ်သက်ရောက်မှုအပေါ် ထိန်းသိမ်းမှု၊ အဆိုပါ စီမံကိန်းများ **လျှောက်ထားစဉ်က ကတိကဝတ်များအတိုင်း လိုက်နာမှုရှိမရှိကို ဥပဒေနှင့်အညီ အဖွဲ့များဖွဲ့စည်းပြီး ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း** တို့ကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပြည့်ရည်ဖူး

# တည်ဆောက်မှု ၉၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည့် မြောင်းမြတံတား၏ ခံနိုင်ဝန်ကို ကုန်တင်ကားများဖြင့် စမ်းသပ်မည်

ဧရာဝတီတိုင်းဒေသကြီး အတွင်း တည်ဆောက်နေသည့် **မြောင်းမြတံတား**မှာ ၉၀ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ရာ ၎င်းတံတား၏ ခံနိုင်ဝန်ကို ကုန်တင်ကားများဖြင့် စမ်းသပ်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန် ကြီးဌာန၊ တံတားဦးစီးဌာနမှ သိရသည်။

**မြောင်းမြတံတားအသစ် စီမံကိန်း**ကို ပျက်ကျခဲ့သည့် ကြိုးတံတား အဟောင်း၏ ရေစုန်ဘက်အခြမ်း ၄၆ ပေအကွာတွင် ပြီးခဲ့သည့်နှစ်မေလ ၁ရက်မှ စတင်ကာ တည်ဆောက်နေခြင်းဖြစ်ပြီး **စီမံကိန်းကာလကို တစ်နှစ် သတ်မှတ်ထားကြောင်း သိရသည်။** "တံတားခံနိုင်ဝန်ကို ကုန်တင်ကားတွေပေါ်မှာ သတ်မှတ်ကုန်တန်ချိန် တင်ဆောင် မောင်းနှင်ဖြတ်သန်းစေပြီး စမ်းသပ်မှာပါ။ ပထမတုန်းကတော့ ဒီလ၂၀ရက်မှာ **အဲဒီစမ်းသပ်မှုကို လုပ်ဖို့ စီစဉ်ထားပေမယ့်စုတော့ ၂၄ရက်ကို ရွှေ့ထားပါတယ်၊ တံတားစတင်ဖွင့်လှစ်မယ့်ရက်က ဧပြီ၁ရက်ပါ**" ဟု ဆောက်လုပ် ရေးဝန် ကြီးဌာန၊ တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြောသည်။

လက်ရှိတွင် တံတား၏ကွယ်လွယ်ကျေးရွာဖက်ကမ်းချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးကာ တံတားကြမ်းခင်းများ ခင်းကျင်းခြင်း၊ မီးတိုင်များ တပ်ဆင်ခြင်းများကို လုပ်ဆောင်နေကြောင်း၊ မြောင်းမြဖက် ကမ်းချဉ်းကပ် လမ်းပိုင်းအား လည်း ခင်းကျင်းလုပ်ဆောင်နေပြီး ယခုလဒုတိယပတ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**နှင်းနုဝေ**

# မြန်မာသုံးယောက်စလုံး လက်ရည်တိုးတက်လာပြီး အနိုင်ရရှိသဖြင့် အရမ်းပျော်ရွှင်ကြောင်း အောင်လအန်ဆန် ပြော





စင်ကာပူအခြေစိုက် One Championship အဖွဲ့၏ မတ်လ ၈ ရက်ညပိုင်းက ရန်ကုန်မြို့၊ သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သော MMA **(Mixed Martial Arts) ကိုယ်ခံပညာသိုင်းပေါင်းစုံပြိုင်ပွဲကြီးတွင် မြန်မာကိုယ်စားပြု ယှဉ်ပြိုင်ထိုးသတ်သွားသည့် ကစားသမားသုံးဦးစလုံး အနိုင်ရရှိခဲ့သဖြင့် အရမ်းဝမ်းသာကြောင်းနှင့် ကစားသမားများ လက်ရည် တိုးတက်မှုများရှိလာသည့်အတွက်** အရမ်းပျော်ရွှင်ရကြောင်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်ကပွဲအပြီး သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသွားခဲ့သည်။

အဆိုပါ MMA ပြိုင်ပွဲကြီးတွင် မြန်မာကိုယ်စားပြု ယှဉ်ပြိုင်ထိုးသတ်သွားကြသော **အောင်လအန်ဆန်၏တပည့် ချင်းတိုင်းရင်းသား MMA ဖိုက်တာ ထီရယ်ထန်က အမှတ်ဖြင့်လည်းကောင်း၊ မြန်မာပြည် MMA ချန်ပီယံ ဖိုးသော်က ပထမအချီ၌ လည်းကောင်း၊ မြန်မာအမျိုးသမီး MMA ဖိုက်တာ ကယန်းတိုင်းရင်းသူ အန်တိုနီယာက ဒုတိယအချီ၌လည်းကောင်း ပြိုင်ဘက်များကို အသီးသီးအနိုင်ရရှိခဲ့ကြသည်။** "ဟုတ်ကဲ့ အရမ်းဝမ်းသာပါတယ်။ မြန်မာကစားသမား သုံးယောက်စလုံးနိုင်တာ ကျွန်တော် အရမ်းပျော်တယ်။ အဲဒါပြီးတော့ ကစားသမား သုံးယောက်လုံးကလည်း **သူတို့ရဲ့ Skill (လက်ရည်) တိုးတက်လာတဲ့အတွက် ကျွန်တော်အနေနဲ့ အရမ်းပျော်တယ်၊** ကျွန်တော်တန်ဖိုးထားတာက ပိုပြီးတိုးတက်လာတာကိုနော်။ **ထီရယ်ထန်နိုင်ပွဲကို ကျေနပ်မှုရှိပါတယ်၊ ဒါပေမဲ့ သူကပထမဆုံး ပရော်ဖက်ရှင်နယ်ပွဲဆိုတော့အတွေ့အကြုံက နည်းနည်း လိုသေးတယ်၊** နောက်ထပ်လည်း ပွဲကောင်းတွေလာမှာဖြစ်လို့ သူပိုကြိုးစားရမယ်။ **ဖိုးသော်နဲ့ အန်တိုနီယာက Ground Game ကစားတာ လက်ရည်တက်လာတယ်၊ ဆက်ပြီးတော့ ကြိုးစားစေချင်တယ်၊** နှစ်ယောက်စလုံးဆက်ပြီး ကြိုးစားပါလို့ တိုက်တွန်းချင်တယ်။ နှစ်ယောက်စလုံးကိုလည်း ကျွန်တော် အမြဲတမ်း အားပေးပါတယ်" ဟု ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်က ပြောသည်။

One မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်းတို့၏ ကမ္ဘာ့ချန်ပီယံခါးပတ်နှစ်ခုကို ရရှိထားသူ ကရင်တိုင်းရင်းသား အောင်လအန်ဆန်သည် အရေးကြီးသည့် မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကို မတ်လ ၃၁ရက်တွင် ဂျပန်နိုင်ငံ၌ ယှဉ်ပြိုင်ထိုးသတ်သွားရန် ရှိသော်လည်း မြန်မာနိုင်ငံသို့ အရောက်လာခဲ့ပြီး မြန်မာကစားသမားသုံးဦးကို အနီးကပ်အားပေး၍ အကြံဉာဏ်ကောင်းများပေးခဲ့သည်။ "ကိုအောင်လက ကျွန်မတို့ကို အရမ်းဖြစ်စေချင်တာနော်။ မြန်မာမှာလည်း ဖိုက်တာတွေကို အရမ်းပေါ်ထွက်စေချင်တဲ့အတွက်ကြောင့်ပေါ့နော်။ သူက အနောက်ကနေ စိတ်ပင်ပန်းခံ ကိုယ်ပင်ပန်းခံပြီး **ပွဲထဲထိအားပေးတယ်၊ လေ့ကျင့်ရေးပိုင်းမှာလည်း အများကြီးအကူအညီပေးတယ်၊ ဒီပြိုင်ပွဲမတိုင်ခင် သူအနီးကပ်သင်ပေး၊ လေ့ကျင့်ပေးတဲ့ဟာက အများကြီးအရေးပါတယ်၊ ပွဲမှာလည်း အသုံးချနိုင်ခဲ့ပါတယ်" ဟု အန်တိုနီယာက** ပြောသည်။

မိုင်းစောလွင် (ဓာတ်ပုံ၊ မျိုးကျော်စိုး)

# တရုတ်တိုင်ပေ၊ အင်ဒိုနီးရှားတို့နှင့် ကစားသွားမည့် နိုင်ငံတကာခြေစမ်းပွဲများအတွက် ဦးမျိုးမင်းထွန်း လက်ရွေးစင်ယာယီနည်းပြအဖြစ် ကိုင်တွယ်မည်



တရုတ်(တိုင်ပေ) ၊ အင်ဒိုနီးရှား လက်ရွေးစင်အသင်းများနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည့် ဖီဖာနိုင်ငံတကာခြေစမ်းပွဲများအတွက် ရန်ကုန်ယူနိုက်တက်အသင်း နည်းပြချုပ် ဦးမျိုးမင်းထွန်းကလက်ရွေးစင် **ယာယီနည်းပြချုပ်အဖြစ်** တာဝန်ယူသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လစ်လပ်နေသော လက်ရွေးစင် နည်းပြ ချုပ်နေရာအတွက် ပြီးခဲ့သောဖေဖော်ဝါရီလပိုင်းအတွင်း၌ အပြီးသတ်ခန့်အပ်နိုင် ရန် စီစဉ်ခဲ့သော်လည်း ကြန့်ကြာမှုများရှိနေ ခဲ့သောကြောင့် မတ်လအတွင်းကစား မည့် နိုင်ငံတကာခြေစမ်းပွဲများအတွက် ဦးမျိုးမင်းထွန်းကို ရွေးချယ်၍ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ "ယုံယုံကြည်ကြည်နဲ့ တာဝန်ပေးအပ်လာတဲ့အတွက် နိုင်ငံအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားမယ်။ ကျွန်တော့်အတွက်လည်း ကြိုးစားမယ်။ ကျွန်တော့်အတွက်ဆိုတာက နဂိုကတည်းက နိုင်ငံတကာကိုထွက်ပြီး အလုပ်လုပ်ချင်တဲ့ဆန္ဒရှိတယ်။ ဒါကြောင့် **လက်ရွေးစင်အသင်းကို ကိုင်တွယ်ခွင့်ရတာက ကျွန်တော့်အတွက် အခွင့်အရေးကောင်း တစ်ခုဖြစ်ပါတယ်၊ အခုလိုမျိုး လမ်းစဖော်ပေးတဲ့အတွက် အစွမ်းကုန်ကြိုးစားသွားမှာပါ**" ဟု ဦးမျိုးမင်းထွန်းကပြောသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကမ်းလှမ်းမှုအရ လက်ရွေးစင်ယာယီနည်းပြဖြစ်လာသည့် ဦးမျိုးမင်းထွန်းသည် **နည်းပြအဖွဲ့ကိုလည်း ၎င်း၏စိတ်ကြိုက်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း** မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကထုတ်ပြန်ထားပြီး **ဦးမျိုးမင်းထွန်းက နည်းပြအဖွဲ့ကို ရန်ကုန် ယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်၊ စစ်ကိုင်းယူနိုက်တက်၊ ရတနာပုံအက်ဖ်စီအသင်းတို့မှ နည်းပြများနှင့် ဖွဲ့စည်းခဲ့သည်၊**

ထို့ပြင် **လက်ရွေးစင်ကစားသမား ၂၇ဦးကို ရွေးချယ်ခဲ့ရာတွင်လည်း လက် ရှိ မြန်မာနေရှင်နယ်လိဂ်မှ ခြေစမ်းပြကစား နေသည့် ကစားသမားအများစုကို** ရွေးချယ်ထားသည်ကို တွေ့ရှိရသည်။ လက်ရွေးစင်အသင်းအတွက် ဂိုးသမားနေရာတွင် ကျော်ဇင်ထက်၊ ကျော်ဇင်ဖြိုး၊ နိုင်ဇေယျာထွန်း၊ နောက်တန်းတွင် ဒေးဗစ်ထန်း၊ သက်နိုင်၊ ဇော်မင်းထွန်း၊ ထိုက်ထိုက်အောင်၊ ပြည့်ဖြိုးဇော်၊ ဇော်ရဲထွန်း၊ ငြိမ်းချမ်း၊ ဟိန်းသီဟဇော်၊ မင်း ကျော်ခန့်၊ အလယ်တန်းတွင်လှိုင်းဘိုဘို၊ မောင်မောင်ဝင်း၊ ချမ်းဦး၊ လာဒီမော်ရာ၊ ရန်နိုင်ဦး၊ သီဟဇော်၊ အောင်လှိုင်ဝင်း၊ မောင်မောင်လွင်၊ ကျော်စွာမင်း၊ ငြိမ်းချမ်းအောင်၊ ရှေ့တန်းတွင် အောင်သူ၊ ဇင်မင်းထွန်း၊ ဒွေးကိုကိုချစ်၊ အောင်မြင့်ထွန်း၊ ဝင်းနိုင်စိုးတို့ရွေးချယ်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဖီဖာနိုင်ငံတကာခြေစမ်းပွဲများအဖြစ် **မတ်လ ၁၉ ရက်တွင် တရုတ်(တိုင်ပေ) အသင်းနှင့်လည်းကောင်း၊ မတ်လ ၂၅ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့်လည်းကောင်း မန္တလေးမြို့၊ မန္တလာသီရိကွင်းတွင်** ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မိုင်းစောလွင်

www.free4readers.com



## ထားဝယ်-ထီးခီး နှစ်လမ်းသွားကို ၂၀၂၀ ပြည့် နှစ်ဆန်းပိုင်းတွင် ဖောက်လုပ်နိုင်ရန်မျှော်မှန်းထားဟု ဆို


ဓာတ်ပုံ-Nay Myo Thwin
ထားဝယ်-ထီးခီး လမ်းပိုင်း တစ်နေရာကိုမြင်တွေ့ရစဉ်

ထိုင်း-မြန်မာ နယ်စပ်ဖြစ်သော ထီးခီးမှ ထားဝယ်အထူးစီးပွားရေးဇုန်အထိ ရှိပြီးသားမြေသားလမ်းကိုလာမည့် ၂၀၂၀ ပြည့်နှစ်ဆန်းပိုင်းတွင် အဆင့်မြှင့်တင်ဖောက်လုပ်နိုင်ရန်အတွက် ထိုင်းနိုင်ငံ Neighbouring Countries Economic Development Cooperation Agency (NEDA) အဖွဲ့က လေ့လာဆန်းစစ်မှုများပြုလုပ်လျက်ရှိကြောင်း ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ မတ်လ ၈ ရက်တွင်သိရသည်။

**လက်ရှိ ဖောက်လုပ်ထားသော မြေသားလမ်းသည် အချို့နေရာတွင် တောင်ကုန်းများ မတ်စောက်ခြင်း၊လမ်းအကွေ့အကောက်များကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည့်အတွက် လမ်းအူကြောင်းပြောင်းလဲရန်(သို့မဟုတ်)ဆင်ခြေလျှော့လုပ်ဆောင်ရန် NEDA အဖွဲ့က မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ လေ့လာနေခြင်းဖြစ်ကြောင်း** သိရသည်။

အဆိုပါလမ်းကို **ထိုင်းနိုင်ငံ လမ်းတံတားဌာန၏ အဝေးပြေးလမ်းဒီဇိုင်း စံနှုန်းနှင့်အညီ နှစ်လမ်းသွားနိုင်လွန်ကတ္တရာလမ်းကို NEDA ချေးငွေ ဘတ် သန်း ၄၅၀၀ ဖြင့်တည်ဆောက်ရန် စီစဉ်ထားခြင်းဖြစ်ကာ** လမ်းနှင့်ပတ်သက်၍ လေ့လာပြီးချိန် စက်တင်ဘာလကုန်ခန့်တွင် အစီရင်ခံစာတင်ပြပြီး မြန်မာအစိုးရနှင့် NEDA အဖွဲ့ သဘောတူလက်မှတ်ရေးထိုးပြီးနောက် တင်ဒါခေါ်ယူရန် စီစဉ်ထားသောကြောင့် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် စတင်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

**ထားဝယ်-ထီးခီး လမ်းသည် ကျေးရွာ ၁၅ ရွာကို ဖြတ်သန်းသွားရမည်ဖြစ်ကာ လမ်းဖောက်လုပ်ရေးအတွက် မြေဧက ၁၅၀၀ ကျော်ကို ရှင်းလင်းရန်လိုအပ်ကြောင်း နှင့် လမ်းဘေးဝဲယာရှိ သစ်တောဧက ၄၅၀ ကျော်မှ သစ်ပင်အချို့ကိုလည်း ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း** သိရသည်။

ထို့ပြင် အဆိုပါ လမ်းပိုင်းတွင် ယာဉ်အသုံးပြုခကောက်ခံသော နေရာလေးခု၊ ဝန်ဆောင်မှုစင်တာနှင့် နားနေဆောင်တစ်ခု တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

## လားရှိုးလေဆိပ်ကို နိုင်ငံခြားက တိုက်ရိုက်ပျံသန်းသည့် စင်းလုံးငှားလေယာဉ်ငယ်များ ဆင်းသက်အသုံးပြုနိုင်ရန် အဆင့်မြှင့်တင်မည်




လားရှိုးလေဆိပ်ကို နိုင်ငံခြားက တိုက်ရိုက်ပျံသန်းသည့် စင်းလုံးငှားလေယာဉ်ငယ်များ ဆင်းသက်အသုံးပြုနိုင်ရန် အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မတ်လ ၈ ရက်က ပြောသည်။

"လားရှိုးလေဆိပ်ကို နောင်တစ်ချိန်မှာ နိုင်ငံခြားက တိုက်ရိုက်ပျံသန်းတဲ့ စင်းလုံးငှားလေယာဉ်ငယ်တွေ ဆက်လက်အသုံး ပြုနိုင်ဖို့ ဝန်ဆောင်မှုပေးနိုင်တဲ့ လေဆိပ်အဖြစ် အဆင့်မြှင့်တင်မှာဖြစ်ပါတယ်"ဟု ယင်းကပြောသည်။

**လားရှိုးလေယာဉ်ကွင်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီကာလကတည်းက ရှိသည့် လေယာဉ် ကွင်းဖြစ်ပြီး** ၂၀၀၇-၂၀၀၈ မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်များအတွင်း လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့ကို ထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များအတွင်း လေဆိပ် အဆောက်အအုံ သစ်တိုးချဲ့တည်ဆောက်ခြင်း၊ လေဆိပ်ဆိုင်ရာ ဆက်စပ်အဆောက် အအုံတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လက်ရှိတွင် ပြည်တွင်းလေကြောင်းလိုင်း ငါးလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း၊ Yangon Airways၊ Air KBZ၊ မန်းရတနာပုံ၊ Golden Myanmar လေကြောင်းလိုင်းတို့က တစ်ပတ်လျှင် ၂၅ ကြိမ်မှ အကြိမ် ၃၀ ခန့် အထိ ပျံသန်းဆင်းသက်လျက်ရှိ**ကြောင်း သိရသည်။ လားရှိုးလေဆိပ်သို့ လေယာဉ်ဆင်းသက်မှုအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ၉၇၂ ကြိမ် ရှိခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ၁၇၈၆ ကြိမ်အထိ တိုးတက်ခဲ့ကြောင်းသိရသည်။ ၂၀၁၂ ခုနှစ်တွင် ခရီးသည် ၄၅၀၀၀ ကျော်ဝင်ထွက်အသုံးပြုခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ခရီးသည် ၁၄၉၀၀၀ ကျော် ဝင်ထွက်အသုံးပြုခဲ့ပြီး **နှစ်စဉ်ခရီးသည်ဦးရေ တိုးတက်ခဲ့ကြောင်း** သိရသည်။

ပြည့်ရည်ဖူး

Photo: flickr.com

## ဂျာမနီ၊ ပြင်သစ်၊ အီတလီနိုင်ငံသားများအား ဗီဇာဖြေလျှော့မှု ယခုနှစ်အတွင်း ပေးနိုင်ရန် ဆောင်ရွက်နေ

ဂျာမနီ၊ ပြင်သစ်၊ အီတလီနိုင်ငံသားများ အား ဗီဇာဖြေလျှော့မှု ယခုနှစ်အတွင်း ပေးနိုင်ရန် ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဗီဇာဖြေလျှော့မှုအတွက် အနောက်နိုင်ငံတွေကို လုပ်ဖို့ရှိပါတယ်။ **ဒီနှစ်ထဲမှာတော့ ဖြစ်နိုင်ပါတယ်၊ အနောက်နိုင်ငံသားတွေအနေနဲ့ အလာများတဲ့ ဂျာမနီ၊ ပြင်သစ်၊ အီတလီ နိုင်ငံသားတွေကို ပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို တင်ပြပေးထားတယ်၊ ပထမအဆင့်ကို တင်ပြထားပြီးပါပြီ**"ဟု ယင်းကပြောသည်။


Photo:MOHT

လက်ရှိအချိန်တွင် **တရုတ်၊ အိန္ဒိယ နိုင်ငံသားများအား Visa On Arrival ပေးထားပြီး တောင်ကိုရီးယား၊ ဂျပန်၊ မကာအို နိုင်ငံသားများကို Visa Free ပေးထားသည့်အတွက်** အဆိုပါနိုင်ငံသားများဝင်ရောက်မှုတိုးတက်လာကြောင်း သိရသည်။ **မြန်မာနိုင်ငံတွင် ဟိုတယ်အလုံးပေါင်း ၁၇၀၀ ကျော်ရှိလာပြီဖြစ်ပြီး အခန်းအားဖြင့် ၆၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း** သိရသည်။ ပြီးခဲ့သည့်နှစ်တွင် ခရီးသွားဝင်ရောက်မှုလျော့ကျခဲ့ပြီး ယခုနှစ်တွင် အနည်းငယ်ပြန်တက်လာကြောင်း သိရသည်။ **၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံတကာခရီးသွား ၃၈၀၀၀၀ ကျော်ဝင်ရောက်ခဲ့သည့်အတွက်** ပြီးခဲ့သည့်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။ အဆိုပါ ပမာဏတွင် **တရုတ်နိုင်ငံသားအများဆုံး ဝင်ရောက်ပြီး ထိုင်းနိုင်ငံသား နှင့် တောင်ကိုရီးယားနိုင်ငံသားတို့လည်း အများဆုံးဝင်ရောက်ကြောင်း** သိရသည်။

ပြည့်ရည်ဖူး

## မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် ပထမဆုံး မော်တော်ယာဉ်လေလံပြပွဲ ကျင်းပမည်

**မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် ပထမ ဆုံး မော်တော်ယာဉ်လေလံပြပွဲ Auto Aucyion Fair 2019 ကို CarsDB နှင့် Toyota TSUSHO တို့ ပူးပေါင်း၍ ကျင်းပသွားမည်ဖြစ်ကြောင်း** မတ်လ ၆ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ် ဟိုတယ်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သတင်းရရှိသည်။

အဆိုပါလေလံပွဲကို **၂၀၁၉ ခုနှစ် မတ်လ ၁၆ ရက် နှင့် ၁၇ ရက်များတွင် နံနက် ၉ နာရီမှ ည ၈ နာရီအထိဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ မိုင်ဒါကွင်း (မြို့မကွင်း) တွင်ကျင်းပသွားမည်ဖြစ်ပြီး** ကားဝယ်လိုသူများ၊ ကားရောင်းချလိုသူများ၊ ကားလုပ်ငန်းရှင်များနှင့် ကားချစ်သူများအားလုံးအတွက် အကောင်းဆုံးအခွင့်အရေးများ ရရှိမည်ဟုဆိုသည်။

"ဒီလေလံပြပွဲမှာ ဝင်ရောက် ရောင်းချဖို့ **ကားအစီးရေ ၂၀၀ လောက်ထိ ပါဝင်မယ်လို့ မျှော်မှန်း**ထားပါတယ်။ ဈေးနှုန်းဘယ်လောက်ဖြစ်ရမယ်ဆိုပြီး မကန့်သတ်ထားပါဘူး။ ဘာလို့ဆိုတော့ ကျွန်တော်တို့က အကုန်လုံးကို ဖိတ်ခေါ်ပြီး ကျွန်တော်တို့ပွဲမှာပါဝင်စေချင်တယ်။ ဒီလေလံပြပွဲမှာဆိုရင် **တစ်ပတ်ရစ် ကားတွေရော Brand New ကားတွေပါ ပါဝင်မှာဖြစ်ပါတယ်**" ဟု CarsDB မှ COO ဖြစ်သူ ကိုဝေဖြိုးကျော်ကပြောသည်။

မော်တော်ယာဉ်လေလံပြပွဲကျင်းပရခြင်းရည်ရွယ်ချက်မှာ နိုင်ငံတကာ မော်တော်ယာဉ်လေလံပွဲ အတွေ့အကြုံများကို မြန်မာပြည်သူပြည်သားများရရှိစေရန်၊ ကားဝယ်လိုသူများအတွက် အကောင်းဆုံးကားများကို အသက်သာဆုံးနှုန်းထားဖြင့် ရွေးချယ်ဝယ်ယူခွင့်ရရှိစေရန်၊ ကားရောင်းချလိုသူများအတွက် ကားများစွာကို ထိုက်သင့်သည့်ဈေးနှုန်းဖြင့် အမြန်ဆုံး ရောင်းချခွင့် ရရှိစေရန် စသည့်အခွင့်အရေးများကို ဖန်တီးပေးခြင်းဖြင့် မြန်မာ့ကားလောက တိုးတက်ဖွံ့ဖြိုးလာစေရန် ဖြစ်သည်ဟုသိရသည်။

ကောင်းမြတ်ရာ

## ဝန်ထမ်းအလိုရှိသည်

(၁) စားပွဲထိုးဝန်ထမ်း (Waiter) ကျား (၁၀) ဦး
(၂) ငွေကိုင် (Cashier) မ (၃) ဦး
(၃) ဧည့်ကြို (Receptionist) မ (၃) ဦး
အမှတ်စဉ်အားလုံးအတွက် အနိမ့်ဆုံးပညာအရည်အချင်း အထက်တန်းအဆင့်ရှိရမည်။
(၄) လုံခြုံရေး (Security) ကျား (၅) ဦး
အမှတ်စဉ်(၄)အတွက် အနိမ့်ဆုံးပညာအရည်အချင်း အလယ်တန်းအဆင့်ရှိရမည်။ အသက်(၃၀)မှ (၅၀)အတွင်း ဖြစ်ရမည်။

မှတ်ချက် ။ ။ သွက်လက်ချက်ချာမှုရှိရမည်။ နယ်မှလျှောက်ထားသူဦးစားပေးမည်။ နေထိုင်ရန်အဆောင်စီစဉ်ပေးမည်။ လျှောက်ထားသူလူကိုယ်တိုင် အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။
(လိုအပ်ပါက ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရပါမည်။)

(ရွှေဘဲ) ရစ်မိုင်စားတော်ဆက်၊ ရစ်မိုင်လမ်းဆုံအနီး၊ မြိုင်ဟေဝန်ပန်းခြံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

# သင့်ကျန်းမာရေးအတွက် ဒါတွေသိရဲ့လား

## အဆီပြန်တဲ့အရေပြားတွေအတွက် ဘယ်လိုလုပ်ပေးနိုင်ပါသလဲ

ခရမ်းချဉ်သီးကို အပိုင်းလေးတွေလှီးပြီး အရေပြားပေါ်မှာ ပွတ်ပေးပါ။ တိုနာအဖြစ် အသုံးဝင်နိုင်သလို မွေးညင်းပေါက်တွေလည်း ကျဉ်းမြောင်းသွားနိုင်ပါတယ်။ အဆီပြန်တာနည်းပြီး အသားအရေတောက်ပလိုလျှင် ပန်းသီးကိုစိတ်ပြီး ပါးပြင်နဲ့နဖူးမှာ ပွတ်လိမ်းပေးနိုင်ပါတယ်။ နောက်တစ်ခါ နွားနို့ကို ဝါဂွမ်းနဲ့တို့ပြီး အဆီပြန်တဲ့အသားအရေပေါ်ပွတ်ကာ တိုက်ရိုက်သန့်စင်နိုင်ပါတယ်။ နွားနို့ထဲ ရှောက်ရည်ညှစ်ပြီး အဲဒီအရည်ကို ဝါဂွမ်းနဲ့တို့ကာ မျက်နှာပေါ်မှာသုတ်လိမ်းထားပါ။ ၅-၁၀ မိနစ်အကြာမှာ ရေနွေးဆေးကြောလိုက်ပါ။ အဆီပြန်တာတွေ လျော့ကျသွားနိုင်ပါတယ်။ မျက်နှာသစ်ဆပ်ပြာနဲ့ တစ်နေ့သုံးကြိမ် မျက်နှာသစ်ပါ။ မနက်အိပ်ရာထချိန်၊ ရေချိုးချိန်နဲ့ ညအိပ်ရာဝင်ချိန်တွေမှာ ပြုလုပ်ပါ။

ဒေါက်တာခင်မိုးမိုး

## ဝက်ခြံရှိရင် နေရောင်ခြည်ကို ဘာကြောင့်ရှောင်ဖို့လိုအပ်တာလဲ

ဝက်ခြံပေါက်ဆဲမှာရော၊ ဝက်ခြံပေါက်ပြီးတဲ့နောက်မှာရော နေရောင်ရှောင်ဖို့အရေးကြီးပါတယ်။ အထူးသဖြင့် အညိုအမည်း၊ အနီအရဲတွေဟာ နေထိလေ ပိုဆိုးလေပါ။ ဒါကြောင့် တတ်နိုင်သမျှ နေပူပြင်းပြင်းမထိဖို့ သတိထားရမှာပါ။ သနပ်ခါးလိမ်းတာ၊ နေရောင်ခံလိမ်းခရင်မ်တွေလိမ်းတာတွေ လုပ်ပေးရမှာပါ။ ဦးထုပ်ဆောင်းတာ၊ ထီးဆောင်းတာတွေကလည်း ကောင်းတဲ့အလေ့အကျင့်ပါ။ စောစောကပြောခဲ့တဲ့ အမာရွတ်တွေပျောက်ကြောင်း နည်းလမ်းတွေသုံးခဲ့ရင်လည်း နေရောင်ရှောင်ဖို့လိုတာပါပဲ။ ဒီတော့ ဝက်ခြံရဲ့နောက်ဆက်တွဲပြဿနာတွေဟာ နေထိလေ ပိုဆိုးလေမို့ တတ်နိုင်သလောက် ခရမ်းလွန်ရောင်ခြည်တွေရှောင်ရှားဖို့ပါပဲ။

ဒေါက်တာ ဦးကျော်ကျော်
အရေပြားအထူးကုဆရာဝန်ကြီး

## ချွေးထွက်များရင် ဘယ်လိုအစားအသောက် စားသင့်ပါသလဲ

အပူအစပ်စာနဲ့ ထမင်းစားသောက်မှုကို လျှော့ချပါ။ ကဖင်းပါတဲ့ကော်ဖီ၊ ကိုလာနဲ့ အပူအစပ်စာတွေဖြစ်တဲ့ ငရုတ်သီး၊ ငရုတ်ကောင်းထည့်ချက်ထားတဲ့အစားအစာတွေ က သင့်ကို ချွေးထွက်များစေပါတယ်။ အထူးသဖြင့် သင့်မျက်နှာနဲ့ ဦးခေါင်းပိုင်းကို ချွေးပိုထွက်စေပါတယ်။ အပူအစပ်လွန်ကဲတဲ့အစားအသောက်တွေကို စားသုံးမယ့်အစား အနံ့အရသာပြည့်ဝတဲ့အစားအစာတွေကို ရွေးချယ်စားပါ။

ဇာခြည်ဝင်း (ဆေးဝါးတက္ကသိုလ်)

## ရေခဲရေသောက်ခြင်းရဲ့ အကျိုးကျေးဇူးက ဘာပါလဲ

ခန္ဓာကိုယ်အတွင်းကအဆီတွေကို တွန်းလှန်နိုင်ဖို့အတွက် ရေခဲရေသောက်ပေးဖို့လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သင့်အစာခြေစနစ်က အခန်းအပူချိန်ထဲမှာ ရှိတဲ့ရေကိုချေဖျက်ပေးဖို့ထက် ရေခဲရေကို ချေဖျက်ဖို့ ကယ်လိုရီတွေ ပိုမိုအသုံးပြုရတာကြောင့်ပါ။

SM




## The Central မှ 'The Central Prestige' တာဝါကို မိတ်ဆက်ပြသမည်



**The Central မှ လူနေအိမ်ခန်းတာဝါမိတ်ဆက်သည့်အခမ်းအနားကို The Central ၏ Gallery Showroom တွင် အခန်းငှားရမ်းထားသူများ၊ အထူးဧည့်သည်တော်များနှင့်အတူ ၁၇-၃-၂၀၁၉ ရက်တွင် ခမ်းနားစွာကျင်းပသွားမည်ဖြစ်ကြောင်း** သိရသည်။

'The Central Prestige' ကို ရန်ကုန်မြို့၏ အချက်အချာအကျဆုံး ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ အင်ယားကန်ရှေ့တည့်တည့်တွင်တည်ရှိပြီး အတွင်းပိုင်းအပြင်အဆင်များအနေဖြင့် ပြောင်မြောက်လှပသော ဗိသုကာလက်ရာများ၊ အကောင်းမွန်ဆုံး အရည်အသွေးမြင့်ပစ္စည်းများကို ဘက်ပေါင်းစုံတွင် အသုံးပြုပေါင်းစပ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**The Central** သည် ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်၊ အင်းယားကန်ဘေးတွင်တည်ရှိသည့် **Marga Landmark ၏ ဘက်စုံသုံး အိမ်ရာစီမံကိန်းတစ်ခုလည်းဖြစ်**သည်။ The Central သည် အာဆီယံဒေသတွင်းရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်ဖြစ်သည့် ရန်ကုန်မြို့၏လှပမှုနှင့် မြို့ပြသက်ဝင်လှုပ်ရှားမှုတို့ကိုပြသနိုင်မည့် ကမ္ဘာ့အဆင့်မီ ဘက်စုံသုံး စီမံကိန်းတစ်ခုဖြစ်လာမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် **ပထမဆုံး နိုင်ငံတကာဈေးဝယ်လျှောက်လမ်းပါဝင်**ပြီး လှပစွာတည်ဆောက်ထားသော လူနေအိမ်တာဝါများ၊ ဈေးဝယ်ကုန်တိုက်နှင့် Grade A အဆင့်ရှိ ရုံးခန်းများပါဝင်မည်ဖြစ်သည့် The Central သည် လူထုအသိုင်းအဝိုင်းအားလုံးအတွက် ခေတ်မီပြီး ရေရှည်တည့်တံ့မည့် အထင်ကရနေရာတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

## ကျောင်းများရောက်လာသောကျောင်းသား၊ ကျောင်းသူများကို အချိန်မီနေရာမှန်ကို ပို့ပေးခဲ့သည့် ယာဉ်ထိန်းရဲဝန်ထမ်းများ၏လုပ်ရပ် ချီးကျူးခံရ




Photo - YTP

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်အတွက် ကျောင်းမှားရောက်လာသော ကျောင်းသား၊ ကျောင်းသူနှစ်ဦးကို **အချိန်မီစာမေးပွဲဖြေဆိုနိုင်ရန် မီးတန်းကား၊ မီးတန်းဆိုင်ကယ်တို့ဖြင့် ပို့ဆောင်ပေးခဲ့သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တို့၏လုပ်ရပ်ကို လူမှုကွန်ရက်အွန်လိုင်းစာမျက်နှာများထက်တွင် ချီးကျူးမှုများ ပြုလုပ်ခဲ့ကြကြောင်း** သတင်းရရှိသည်။

အဆိုပါကျောင်းမှားသည့်ဖြစ်စဉ်သည် တက္ကသိုလ်ဝင်စာမေးပွဲပထမဆုံးနေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ကြည့်မြင်တိုင် အ.ထ.က (၂)သို့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသူနှစ်ဦးသည် ကြည့်မြင်တိုင် အ.ထ.က(၁)သို့ လွဲမှားကာရောက်လာခြင်းဖြစ်ပြီး ထိုသို့ရောက်လာသူကျောင်းသူနှစ်ဦး အချိန်မီစာမေးပွဲဖြေနိုင်ရေး သက်ဆိုင်ရာတာဝန်ကျတပ်ဖွဲ့ဝင်များသည် မီးတန်းယာဉ်နှင့် လိုက်လံပို့ဆောင်ပေးခဲ့ကာ အဆိုပါနေ့တွင်ပင် အ.ထ.က(၂)စမ်းချောင်းသို့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ကျောင်းလွဲမှားရောက်ရှိလာသည့် ကျောင်းသားတစ်ဦးကို အချိန်မီစာမေးပွဲဖြေနိုင်ရန် မီးတန်းဆိုင်ကယ်ဖြင့် လိုက်ပို့ခဲ့ရခြင်းဖြစ်သည်။

ထိုသို့ကူညီခဲ့သည့်အကြောင်းကို ရန်ကုန်တိုင်းဒေသကြီးယာဉ်ထိန်းရဲတပ်ဖွဲ့၏ဖေ့စ်ဘွတ်ခ် လူမှုကွန်ရက်စာမျက်နှာဖြစ်သည့် Yangon Traffic Police တွင် ဖော်ပြခဲ့ရာ ချီးကျူးသူများစွာရှိခဲ့ပြီး အဆိုပါလုပ်ရပ်နှင့်ပတ်သက်၍ ပြန်လည်မျှဝေသူများလည်းရှိခဲ့ကာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကိုလေးစားကြောင်း သဘောထားမှတ်ချက်ပေး ရေးသားခဲ့ကြသည်။

ထိုသို့ အချိန်မီပြန်လည်ပို့ဆောင်ခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ပဲခူးမြို့နေ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုနေသူ ကျောင်းသားတစ်ဦး၏ဖခင်ဖြစ်သူ ဦးရဲမင်းထွေးက ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်နှစ်ဦးအတွက် ဂုဏ်ပြုငွေတစ်သိန်းကျပ်စီ ချီးမြှင့်ခဲ့ရာ အလှူရှင်ကိုယ်စားအမှတ် (၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ မှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးမျိုးအောင်မြင်က ထပ်ဆင့်ချီးမြှင့်ပေးခဲ့သည်။

ထက်အောင်ဖြိုး

## လမ်း/တံတားအသုံးပြုခပေးရာတွင် ငါးကျပ်တန်များထည့်သွင်းပေးသဖြင့် ကားပိုင်ရှင်နှင့်အငြင်းပွားခဲ့သည့် တိုးလ်ဂိတ်ဝန်ထမ်းကို ကုမ္ပဏီမှအလုပ်ထုတ်

မတ်လ ၃ ရက်က ရန်ကုန်-မန္တလေးလမ်း (မိတ္ထီလာ - မန္တလေးအပိုင်း) သပြေဝတိုးလ်ဂိတ်တွင်ဖြစ်ပွားခဲ့သည့် လမ်း/တံတားအသုံးပြုခပေးရာတွင် **ငါးကျပ်တန်များထည့်သွင်းပေးရာတွင် ငွေပေးချေသူနှင့် အချေအတင်အငြင်းပွားသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် တိုးလ်ဂိတ်ဝန်ထမ်းကို ကုမ္ပဏီမှအလုပ်ထုတ်ပယ်လိုက်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ** သိရသည်။

အဆိုပါ ရန်ကုန်-မန္တလေးလမ်း (မိတ္ထီလာ - မန္တလေးအပိုင်း)မှာ သော်တာဝင်းကုမ္ပဏီက B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်းနှင့် ငွေကောက်တာဝန်ကျဝန်ထမ်း၏ အပြင်မကျယ်မှု၊ **ဖြေရှင်းပုံနည်းလမ်းမှားယွင်းမှု**တို့ကြောင့် ကုမ္ပဏီအနေဖြင့် ဝန်ထမ်းစည်းကမ်းနှင့်အညီ အဆိုပါဝန်ထမ်းကို အလုပ်မှထုတ်ပယ်ပြီး အရေးယူဆောင်ရွက်ခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင်ပါရှိသည်။

**မတ်လ ၃ ရက်က ရန်ကုန်-မန္တလေးလမ်း (မိတ္ထီလာ - မန္တလေးအပိုင်း) သပြေဝတိုးလ်ဂိတ်တွင် လမ်း/တံတားအသုံးပြုခအဖြစ် လမ်းအသုံးပြုခ ၂၀၀ကျပ်နှင့် စမုံ၊ ဒါန်းချောင်းတံတား ၂ စင်း အသုံးပြုခ ၂၀၀ ကျပ်၊ စုစုပေါင်းကျသင့်ငွေ ၄၀၀ ကျပ်ကို ၂၀၀ ကျပ်တန် ၁ ရွက်၊ ၁၀၀ ကျပ်တန် ၁ ရွက်၊ ၅၀ ကျပ်တန် ၁ ရွက်နှင့် ၅ ကျပ်တန် ၁၀ ရွက်ဖြင့်ပေးချေရာ အဆိုပါတာဝန်ကျဝန်ထမ်းက "၅ ကျပ်တန်များမယူနိုင်ကြောင်း၊ အခြားနေရာတွင်သွားသုံးပါ" ဟု ပြောဆိုခဲ့ကြောင်း** သိရသည်။

မိမိတို့အနေဖြင့်လည်း နောင်တွင် အလားတူဖြစ်စဉ်မျိုးမဖြစ်ပွားစေရန် တိုးလ်ဂိတ်များတွင် တာဝန်ထမ်းဆောင်သည့်ဝန်ထမ်းများကို မွမ်းမံသင်တန်းများဖွင့်လှစ်သင်ကြားစေခြင်း၊ ခရီးသွားပြည်သူများနှင့်ဆက်ဆံရာတွင် အဆင်ပြေချောမွေ့စေရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

သီဟ

www.free4readers.com



## ကိုရီးယား - မြန်မာချစ်ကြည်ရေး (ဒလ) တံတား၏ ဒလဘက်ခြမ်းချဉ်းကပ်တံတား တည်ဆောက်မှုစတင်




ကိုရီးယား - မြန်မာချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းပန္နက်တင်အခမ်းအနားကို ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက ပြုလုပ်ခဲ့ပြီးနောက် ယခုအခါ ဒလဘက်ခြမ်းတွင် စီမံကိန်းတည်ဆောက်မှုများစတင်နေပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ဘက်ခြမ်း **လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းနှင့်ဒလမြို့နယ်ဘက်** ကမာကဆစ်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းတို့ကို ဆက်သွယ်တည် **ဆောက်မည့် အဆိုပါတံတားကို ၄၂လအတွင်း အပြီးတည်ဆောက်ရန် မျှော်မှန်းထားကြောင်း** သိရသည်။

``ဒလဘက်ခြမ်းမှာ ရေမြောင်းနဲ့ချဉ်းကပ်လမ်းတွေ စလုပ်နေပြီ။ ချဉ်းကပ်လမ်းဆိုတာ ကျွန်တော်တို့အခေါ်အရတော့ Access Road ပေါ့။ အဲဒါက စနေပြီ။ ဒီဇိုင်းပြောင်းတဲ့အတွက် ချေးငွေထပ်တင်ထားတဲ့ကိစ္စကတော့ ဆောင်ရွက်ဆဲပါပဲ။ **၂၀၂၂ ခုနှစ် နှစ် လယ်မှာ တည်ဆောက်မှုပြီးစီးမှာပါ**`` ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ပြောသည်။ အဆိုပါတံတားကို ကိုရီးယားသမ္မတ နိုင်ငံ စီးပွားဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက် ရေးရန်ပုံငွေ **EDCF Loan အမေရိကန် ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းနှင့် မြန်မာအစိုးရထည့်ဝင်ငွေ ဒေါ်လာ ၃၀ ဒသမ ၃၄ သန်း၊ ဒီဇိုင်းပြင်ဆင်မှုအတွက် ထပ်မံ ကုန်ကျငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ စုစုပေါင်း ခန့်မှန်း ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၁၇၃ သန်းကုန်ကျမည်ဖြစ်ကြောင်း** သိရသည်။

**ကိုရီးယားထံမှ ချေးယူသည့်ငွေအတွက် ပြန်ဆပ်ကာလမှာ နှစ် ၄၀ ဖြစ်ပြီး အတိုးနှုန်း ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊** တံတားတည်ဆောက်ခြင်းကို ကိုရီးယားနိုင်ငံအခြေစိုက် T Enginnering & Corporation နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ၆၁၄၄ ပေရှည်လျားသော **လေးလမ်းသွားသံမဏိကြိုးဆိုင်းတံတားအမျိုးအစား**အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ **ဒလမြို့နယ်ကို ရေပေးဝေနိုင်ရန်အတွက်လည်း တံတား၏ဘေးတစ်ဖက်တစ်ချက်တွင် ရေပိုက်လိုင်းနှစ်ခုကိုထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊** ဒလတံတားစီမံကိန်းနှင့် မလွတ်ကင်းသော မြေနှင့်အဆောက်အအုံများအတွက် လျော်ကြေးငွေ၊ နစ်နာကြေးငွေ၊ မြေငှားငွေနှင့် ထောက်ပံ့ငွေစုစုပေါင်း ကျပ် ၁၄၆၈၂ ဒသမ ၈၈ သိန်း ပေးအပ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **နှင်းနုဝေ (ဓာတ်ပုံ - မျိုးကျော်စိုး)**

## တောင်သမန်အင်းတွင် LED မီးလုံးပေါင်း သန်း ၁၀၀ ကျော်ဖြင့် မီးထွန်းပွဲတော် ကျင်းပမည်


ရန်ကုန်မြို့တွင်ပြုလုပ်သော LED မီးထွန်းပွဲတော်ကို တွေ့ရစဉ်

မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ်ရှိ တောင်သမန်အင်းအတွင်း LED မီးလုံးပေါင်းသန်း ၁၀၀ ကျော်ဖြင့် မီးထွန်းပွဲတော်ကို မတ် ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မီးထွန်းပွဲတော်အတွက် လုပ်ဆောင်နေသော Love & Joy မှ မတ်လ ၉ ရက်တွင်သိရသည်။

အဆိုပါ မီးထွန်းပွဲတော်ကို **မတ် ၁၆ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်ကာ ပြကွက်ပေါင်း ၁၀၀ ခန့်ဖြင့် ပြသသွားမည်ဖြစ်ပြီး ညနေ၆နာရီမှ ၁၁ နာရီအထိ** ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ``မီးထွန်းပွဲတော်ကျင်းပနိုင်ဖို့ ပြင်ဆင်မှုတွေပြုလုပ်နေပါပြီ။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း ခွင့်ပြုမိန့်တင်ထားပါတယ်။ **ဦးပိန်တံတားနဲ့ပေ ၅၀ အကွာမှာပြသသွားမှာပါ။** အခုလိုကျင်းပတဲ့ပွဲက ဦးပိန်တံတားရဲ့ပုံရိပ်ကို လုံးဝထိခိုက်မှုမရှိပါဘူး။ ခရီးသွားဧည့်သည်တွေအတွက် ဖော်ဆောင်ပေးတဲ့ပွဲလည်း ဖြစ်ပါတယ်`` ဟု Love & Joy မှတာဝန်ရှိသူ တစ်ဦးက ပြောသည်။ မီးထွန်းပွဲသို့ လာရောက်လည်ပတ်သူများကို **ဝင်ကြေးအနေဖြင့် လူကြီး တစ်ဦးလျှင် ၂၀၀၀ကျပ်၊ ကလေးတစ်ဦးလျှင် ၁၀၀၀ကျပ်နှင့် ရဟန်းသံဃာတော်များ ငါးနှစ်အောက်ကလေးများနှင့် မိဘမဲ့ကလေးများကို ဝင်ကြေးအခမဲ့ဖြင့်** ပြသသွားမည်ဖြစ်ကြောင်း သိသည်။ ``**တောင်သမန်အင်းမှာ ၂၀၁၇ခုနှစ်က LED မီးလုံးသန်း၈၀ အသုံးပြုပြီးတော့** မီးထွန်းပွဲတော်ကျင်းပဖူးပါတယ်။ ဒီနှစ်မှာတော့ ပိုစည်ကားမယ့် ပြကွက်တွေကို ထည့်သွင်းထားပါတယ်။ LED မီးလုံးတွေကိုလည်း အရင်နှစ်တွေထက်နှစ်ဆလောက်ထည့်ပြီးတော့ အလှဆင်သွားမှာ ဖြစ်ပါတယ်`` ဟု ၎င်းကထပ်မံပြောသည်။

မီးအလှဆင်ပြပွဲတွင် LED မီးလုံးများဖြင့် **ကမ္ဘာ့နိုင်ငံအသီးသီးမှ နာမည်ကျော်ရဲတိုက်များ၊ အဆောက်အအုံပုံများနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ပြကွက်များကို** ပြသမည်ဖြစ်ကာ မီးထွန်းပွဲတော်သို့ လာရောက်လည်ပတ်သူများ **အန္တရာယ်ကင်းစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရံမီးသတ်တပ်ဖွဲ့ဝင်များ ၎က်လေ့အသင်းတို့မှ လုံခြုံရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။** ထို့ပြင် ပဲခူးတိုင်းဒေသကြီး ပြည် မြို့၌လည်း ၁၀တန်းစာမေးပွဲအပြီး မတ် လ ၁၆ ရက်တွင် ဒေသခံများအတွက် Myanmar LED Beautiful World Festival မှ LED မီးအလှပွဲတော်ကြီးကို မီးအလုံးပေါင်း သန်း ၁၀၀ ဖြင့် ခေတ္တရာ ဇရာပန်းခြံသဲသောင်ပြင် ညဈေးတန်းနှင့်အတူ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ရှိန်းဝင်းထိုက်(သတင်းဓာတ်ပုံ)**






ခေတ်မီစတိုင်ကျသူတိုင်း နှစ်သက်သွားကြသည့် chic မဂ္ဂဇင်းကို ဖတ်ဖြစ်အောင်ဖတ်ကြည့်ပါ

THE chic Magazine
2019 MARCH-APRIL ISSUE

Cover Story (မိုးယောက်ျ) ၊ Chic Fashion (သန္တာလှိုင်) ၊ မောင်မယ်ပြိုင်ပွဲလမ်းညွှန်၊ Valentine Fashion (သားဂန်း ဘောဘီမောင်)၊ Lady In Chic (Alic Ong)၊ နာရေးတဲ့အကြောင်း သင်ဘယ်လောက်သိသလဲ ၊ အသားအရေထိန်းသိမ်းမှုနှင့် အလှအပအတွက် အလွယ်နည်းလမ်းများ၊ အပြိုင်အဆိုင်ဇာတ်နဲ့ ဟာသကားတွေ သိပ်မရိုက်ဖြစ်တော့ဘူးဆိုတဲ့ သင်ဇာဝင့်ကျော်၊ ပိန်သွယ်စေမယ့်ဖက်ရှင်၊ ပရိသတ်တွေပေးတဲ့ ခွန်အားနဲ့ အနုပညာအလုပ်တွေကို ကြိုးစားဆောင်ရွက်သွားမယ့် အကယ်ဒမီနေတိုး ၊ တို့ကျောင်းမှာ သမ္မတကြီးဖြစ်မယ့်သူရှိတယ်... စသည့် ဝတ္ထုဆောင်းပါး၊ ကဏ္ဍစုံလင်စွာဖြင့် ...

ဖြန့်ချိရာဌာန SweSone Media Group Central Tower ပထမထပ်၊ အနော်ရထာလမ်း (၃၉လမ်းထောင့်)၊ ရန်ကုန်။ ဖုန်း - ၃၉၂၉၇၂ ၊ ၃၇၂၉၃၊ ၇၃၀၃၉၁၉၄

www.free4readers.com



## ကျောင်းသား၏ကလေးကိုထိန်းပေးရင်း သင်ခန်းစာပို့ချသည့်ပါမောက္ခ



မောဟောက်စ်ကောလိပ်မှ သင်္ချာပါမောက္ခ နေသန်အလက်ဇန်းဒါးက ကျောင်းသားဖြစ်သူ၏သမီးလေးကို ထိန်းပေးရင်း သင်ခန်းစာများပို့ချခဲ့ကြောင်း သိရသည်။ ဝိန်းပေသာဆိုသည့်ကျောင်းသားသည် ကလေးအဖေဖြစ်ပြီး ၎င်းကျောင်းသွားခါနီးအချိန်တွင်မှ ကလေးထိန်းက မလာဖြစ်သဖြင့် မတတ်သာသည့်အဆုံး ကလေးချီကာ ကျောင်းတက်ခဲ့ရခြင်းဖြစ်သည်။ ယင်းကျောင်းသားသည် အလုပ်နှစ်ခုလုပ်ပြီး ကျောင်းကိုလည်းအချိန်ပြည့်တက်သည်၊ ကလေးတစ်ဖက်နှင့်ဖြစ်နေသောကြောင့် စာသင်ခန်းတွင် အဆင်မပြေဖြစ်နေသည်ကို ဆရာကတွေ့ကာ ကလေးကို ယူထိန်းပေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျောင်းသားမှာ စာကိုကောင်းကောင်းလိုက်နိုင်သွားသည်။ 'သားစာလိုက်ကူးရတာ အဆင်မပြေဖြစ်နေတယ်မဟုတ်လား။ ပေး။ ဆရာ ထိန်းထားပေးမယ်' ဟုဆရာက ပြောကာ ကလေးကိုချီသွားကြောင်း ကျောင်းသားက ဖေ့စ်ဘွတ်ခ်တွင် ရေးသားကာ ဆရာကို ကျေးဇူးတင်စကားပြောကြားခဲ့သည်။ မေတ္တာတရားကြီးမားကာ ကျောင်းသားကို အစစအရာရာနားလည်ပေးနိုင်သည့် အဆိုပါဆရာများအား ကျေးဇူးတင်ပါကြောင်း ကျောင်းသားက ဆိုသည်။ ကောလိပ်ဥက္ကဋ္ဌကပါ ယင်းရေးသားချက်တွင် ဝင်ရောက်ကွန်မန့်ပေးခဲ့သေးသည်။ ဥက္ကဋ္ဌက ဆရာကိုရော၊ ကျောင်းသားကိုပါ ချီးမွမ်းသွားခဲ့သည်၊ ဆရာက ကျောင်းသူတစ်ဦး၏ကလေးကို စာသင်ချိန်တွင် ထိန်းပေးရင်း စာသင်ပေးသည့်ဖြစ်ရပ်မျိုး ၂၀၁၅ ခုနှစ်ကလည်း ဂျေရုစလင်တက္ကသိုလ်တစ်ခုတွင် ဖြစ်ပွားခဲ့သည်။

(IT, 8.3.19) ချယ်ရီ

## အင်္ကျီချိတ်များဖြင့် အသိုက်ဆောက်သည့် မြို့ကျီးကန်းများ



ကျီးကန်းသည် ဉာဏ်ရည်အမြင့်ဆုံး တိရစ္ဆာန်များထဲတွင် ပါဝင်သည်၊ ၎င်းတို့သည် လိုအပ်သည့်ပစ္စည်းကို ၎င်းတို့ဘာသာပြုလုပ်တတ်၊ ပစ္စည်းများကို သုံးစွဲတတ်၊ လူတို့၏မျက်နှာကို မှတ်မိတတ်၊ အတွေ့အကြုံပေါ်မူတည်ပြီး ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေအောင် နေတတ်သည်၊ ဝါယာကြိုးမာမာများကို ချိတ်လုပ်လိုက်ပြီး မမီသည့်နေရာတစ်ခုခုမှ အစာကိုလည်း ယင်းချိတ်ဖြင့်လှမ်းဆွဲတတ်ကြသည်။ အခွံမာသီးကို အမြင့်မှပစ်ချပြီး ခွဲတတ်သေးသည်၊ ထို့ပြင် အမှိုက်ကားလာချိန်ကိုလည်း မှတ်မိတတ်ကြသေးသည်၊ အမှိုက်ကားလာလျှင် စားကြွင်းစားကျန်များ ရတတ်သဖြင့် ၎င်းတို့က အမှိုက်ကားလာချိန်ကို မှတ်ထားတတ်ကြခြင်းဖြစ်သည်။ အစာအတွက်သာမက အသိုက်ဆောက်ရန်အတွက်ပါ ၎င်းတို့က ဉာဏ်သုံးတတ်ကြသည်။ ပုံမှန်အားဖြင့်မူ ကျီးကန်းများသည် သစ်ကိုင်းခြောက်လေးများ လိုက်စုကာ ယင်းတို့ဖြင့် အသိုက်ဖွဲ့သည်။ သို့သော် မြို့ကြီးပြကြီးများတွင် ကျင်လည်ကျက်စားသည့်ကျီးကန်းများမှာမူ သစ်ပင်ရှားပါးသဖြင့် သစ်ကိုင်းခြောက်လေးများ လိုသလောက်မရနိုင်ပေ။ သို့ဖြင့် ရရာဖြင့် အသိုက်ဆောက်ကြသည်။ ၎င်းတို့က တိုက်ခန်းဝရန်တာတွင်ရှိသည့် အင်္ကျီချိတ်များကို အလစ်သုတ်ပြေးပြီး ယင်းချိတ်များဖြင့် အသိုက်ဆောက်ကြသည်၊ တိုကျိုဒေသခံများအတွက်မူ ချိတ်ဖြင့်ဆောက်ထားသည့်အသိုက်များကို မြင်ရသည်မှာမဆန်းတော့ပေ။ တိုကျိုသာမက အခြားသောဂျပန်မြို့ကြီးများတွင် ယင်းမြင်ကွင်းမျိုးကို မြင်တွေ့ရမည်ဖြစ်သည်။

(AP, 8.3.19) ချယ်ရီ

## မာ့ခ်ဇူကာဘာ့ဂ်ကို ကျော်တက်ကာ ကမ္ဘာ့အသက်အငယ်ဆုံး ဘီလျံနာကြီးဖြစ်လာသူ



အမေရိကန်မော်ဒယ်သရုပ်ဆောင်လည်းဖြစ်၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်လည်းဖြစ်သည့် ကိုင်လီဂျန်နာသည် အသက် ၂၁ နှစ်အရွယ်တွင်ပင် ဘီလျံနာသူဌေးကြီးဖြစ်လာသဖြင့် ကမ္ဘာ့အသက်အငယ်ဆုံးဘီလျံနာကြီးဖြစ်သွားပြီဖြစ်သည်။ ၎င်းသည် အလှကုန်ပစ္စည်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်ကမှ စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်းထုတ်လုပ်ရောင်းချသည့်ပစ္စည်းများသည် မိနစ်ပိုင်းအတွင်းတွင်ပင် ရောင်းကုန်သွားသည်၊ ကနဦးတွင် ၎င်းက ပစ္စည်းများကိုအွန်လိုင်းမှသာ ရောင်းချသော်လည်း နောက်ပိုင်းတွင်မူ အပြင်တွင်စမ်းကြည့်ရ၊ မြင်ရပြီးမှ ဝယ်လိုသည့် ဖောက်သည်များအတွက်ရည်ရွယ်ကာ ဆိုင်ပေါင်း ၁၀၀၀ ကျော်ဖွင့်လိုက်သည်။ ၎င်းသည် အသက် ၂၁ နှစ်အရွယ်တွင်ပင် ဘီလျံနာသူဌေးကြီးဖြစ်လာသည့်အတွက် အသက် ၂၃ အရွယ်တွင်မှ ယင်းဂုဏ်ပုဒ်ကိုရခဲ့သည့် ဖေ့စ်ဘွတ်ခ်တည်ထောင်သူကြီး မာ့ခ်ဇူကာဘာ့ဂ်ကို ကျော်တက်ပြီး အသက်အငယ်ဆုံး ကိုယ်ထူးကိုယ်ချွန်သမားဖြစ်လာခြင်းဖြစ်သည်။ ယခုကဲ့သို့သော ဂုဏ်ပုဒ်ကို ရသဖြင့် ဝမ်းသာကျေနပ်မိကြောင်း ၎င်းက ဆိုသည်။ ဖေ့စ်ဘွတ်ခ်ကဲ့သို့သော ဆိုရှယ်မီဒီယာ၏ စွမ်းပကားကို ၎င်း၏ အောင်မြင်မှုက အထင်းသားပြသနေသည်၊ ၎င်းသည် ဈေးကွက်ထိုးဖောက်ရေးကို အွန်လိုင်းမှသာ အဓိကထား လုပ်ခဲ့သည်၊ ၎င်းသည် ဖေ့စ်ဘွတ်ခ်၊တွစ်တာ အပါအဝင်လူသိများသည့် ဆိုရှယ်မီဒီယာစာမျက်နှာများတွင် ပရိသတ် သန်းပေါင်းများစွာရှိသည်၊ 'ဆိုရှယ်မီဒီယာရဲ့စွမ်းအားပါပဲ။ ဘာမှမလုပ်နိုင်သေးခင်မှာတောင် ကျွန်မကဆိုရှယ်မီဒီယာမှာ ပရိသတ်တွေအရမ်းများနေပြီလေ' ဟု ၎င်းက ဆိုသည်။

(Legit, 8.3.19) ချယ်ရီ

## ကမ္ဘာ့ဈေးအကြီးဆုံးကား ဒေါ်လာ ၁၉ သန်းဖြင့် ရောင်းထွက်




ပြင်သစ်ကားကုမ္ပဏီ Bugatti က ကမ္ဘာ့ဈေးအကြီးဆုံးကားကို ဆွစ်ဇာလန်တွင်ပြုလုပ်သည့် ကားပြပွဲတစ်ခုတွင် ပွဲထုတ်ပြသခဲ့သည်။ ကုမ္ပဏီသက်တမ်း နှစ် ၁၁၀ ပြည့်အထိမ်းအမှတ်အနေဖြင့် ယင်းကိုထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခုမှထုတ်ဖော်ပြသခြင်းဖြစ်သော်လည်း ရောင်းထွက်သွားပြီဖြစ်သည်။ ကားကုမ္ပဏီကြီးက ယင်းကားကို La Voiture Noire ဟု အမည်ပေးထားပြီး အဓိပ္ပာယ်မှာ မဟူရာကားဖြစ်သည်။ ဂျနီဗာနိုင်ငံတကာ ကားပြပွဲကြီးတွင် ယင်းကိုပြသခဲ့ခြင်းဖြစ်ပြီး ယင်းသို့သောကားဟူ၍ တစ်ကမ္ဘာလုံးတွင် တစ်စီးတည်းသာရှိသေးသည်၊ အိတ်ဇောပိုက်ခြောက်ခုပါသည့် အထက်ပါထူးရှယ်ကားသည် မြင်းကောင်ရေအား ၁၅၀၀ ရှိသည်၊ ယင်းကားကို ဒေါ်လာ ၁၉ သန်းဖြင့် ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကားပိုင်ရှင်၏အမည်ကို ကုမ္ပဏီက ထုတ်မပြောသော်လည်း Volkswagen စီအီးအိုဟောင်း ဖာဒီနန်ပိုင့်ချ်ဖြစ်မည်ဟု သတင်းမီဒီယာများက ခန့်မှန်းသည်။ ကမ္ဘာပေါ်တွင် အလားတူကားမျိုး လုံးဝမရှိကြောင်း၊ ကားသည် စွမ်းဆောင်ရည်အထူးမြင့်မားရုံသာမက အလွန်တရာလည်းလှပကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

(UPI, 8.3.19) ချယ်ရီ

စဉ်ဆက်မပြတ် တစ်ခဲနက်အားပေးကြတဲ့ ပရိသတ်ကြီးကို အထူးကျေးဇူးတင်ပါတယ်

သင့် ကျန်းမာရေးအတွက် မဖြစ်သင့်တာ မဖြစ်ရလေအောင် -

Good Health ဂျာနယ်က တာဝန်ယူပါတယ်။

ကျန်းမာရေးဗဟုသုတကြွယ်ဝကာ သင့်တစ်မိသားစုလုံး သက်ရှည်ကျန်းမာပြီး စိတ်ပျိုကိုယ်နုအောင် ရဲရဲကြီးအာမခံနိုင်ပါတယ်။

ဒီနွေမှာ ရေသောက်မနည်းစေဖို့၊ ဗိုက်ပူခြင်းကို ဖုံးအုပ်ပေးနိုင်သော ဝတ်စားဆင်ယင်မှု၊ ဝက်ခြံတို့ရဲ့မာယာ၊ စမိုင်းလ်၏ Lifestyle၊ ကလေးတွေ ကစားတာကနေ ဘာတွေသင်ယူနိုင်သလဲ၊ အပြင်စာတွေ စားကြမလား၊ ရာသီလာတယ်ဆိုတာ ရှက်စရာကောင်းသလား၊ နှလုံးသွေးကြောရောဂါမဖြစ်ပွားအောင်၊ သားသားလေးလိုချင်သလား၊ အုန်းဆီကို အလှအပအတွက် ဘယ်လိုသုံးမလဲ၊ နာနတ်သီး၏ ကျန်းမာရေးအကျိုးကျေးဇူးများ၊ လူငယ်စတိုင်လ်၊ ဘာကြောင့် ငါ့ဆီးအနံ့နံနေတာလဲ၊ အပူရှပ်ခြင်းနှင့်ခရမ်းလွန်ရောင်ခြည်၊ ဆံပင်သန်စေမည့်ပျဉ်းတော်သိမ်ရွက်ဆီ၊ နူးညံ့ချောမွေ့တဲ့အသားအရေပိုင်ဆိုင်ဖို့၊ ကိုယ်အလေးချိန်ကျဆင်းစေရန် နိပ်နယ်နိုင်သောနေရာများအပါအဝင်..

ဖြန့်ချိရာဌာန - စွယ်စုံမီဒီယာ၊ ပထမထပ်၊ Central Tower အနော်ရထာလမ်း (၃၉လမ်းထောင့်)၊ ရန်ကုန်။ ဖုန်း - ၃၉၂၉၈၂၊ ၃၈၅၂၉၃။

● အင်္ဂါနေ့တိုင်း ထွက်ပြီ ● စာကြည့်တိုက်များနှင့် ဆေးရုံ၊ ဆေးခန်းများအတွက် အထူးနှုန်း

www.free4readers.com

## ခရီးသည်တစ်ဦးက လေယာဉ်ပေါ်သို့ ဒုံးလက်နက် လောင်ချာတင်ဆောင်လာရန်ကြိုးပမ်းခဲ့



အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင်နေထိုင်သည့်အမျိုးသားတစ်ဦးသည် **အိမ်ပြန်ခရီးစဉ်တွင် လေယာဉ်ပေါ်သို့ ဒုံးလက်နက်လောင်ချာယူဆောင်လာရန်ကြိုးပမ်းခဲ့သည်**ဟု သိရသည်။

ပင်ဆီလ်ဗေးနီးယားပြည်နယ်လေဆိပ်တွင် ခရီးဆောင်အိတ်စစ်ဆေးရေးစက်များက ၎င်းခရီးသည်၏အိတ်အတွင်းမှဒုံးလက်နက်ကိုရှာဖွေတွေ့ရှိခဲ့ပြီးနောက် လေဆိပ်တွင် ထိတ်လန့်မှုများဖြစ်ပေါ်ခဲ့သည်။ ဒုံးလက်နက်လောင်ချာမှာ **အစိတ်အပိုင်းတစ်ခုစီဖြုတ်၍ယူဆောင်လာခြင်းဖြစ်ပြီး လက်ပစ်ဗုံးအတုတစ်ခုကိုလည်း** ရှာဖွေတွေ့ရှိခဲ့သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း Allentown မြို့ရှိ Leigh Valley နိုင်ငံတကာလေဆိပ်တွင် စစ်ဆေးရေးစက်မှသတိပေးသံများထွက်ပေါ်လာပြီးနောက် လုံခြုံရေးဝန်ထမ်းများက အိတ်ကိုဖွင့်စစ်ခဲ့ရာတွင် ပုံမှန်အားဖြင့် စစ်မြေပြင်များတွင်သာမြင်တွေ့ရသော သုံးပေကျော်ရှည်လျားသည့်လက်နက်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးစစ်ဆေးခံနေစဉ်အတွင်း ခရီးသည်က **အသုံးပြု၍မရတော့သည့်ဒုံးလက်နက်လောင်ချာကို ဖြုတ်ယူလာခဲ့ပါက ခရီးဆောင်အိတ်ဖြင့် လေယာဉ်ပေါ်တင်သယ်နိုင်သည်ဟု ထင်မှတ်မိခဲ့ကြောင်း ဆိုခဲ့သည်။** ဒုံးလက်နက်လောင်ချာနှင့်လက်ပစ်ဗုံးအတုကိုသိမ်းဆည်းခဲ့သော်လည်း အဆိုပါခရီးသည်မှာ Orlando Sanford နိုင်ငံတကာလေဆိပ်သို့လေယာဉ်စီးခွင့်ရရှိခဲ့သည်ဟု သိရသည်။

(AP,9.3.19)

အေးယုနိုင်

## တရုတ်နှင့်ဥရောပကြားပြေးဆွဲသည့် ကုန်တင်မီးရထားလိုင်းကို တရုတ်တိုးချဲ့ပြေးဆွဲ



တရုတ်နှင့်ဥရောပကြား ပြေးဆွဲသည့် ကုန်တင်ရထားလိုင်းသစ်ကို တရုတ်က စတင်လိုက်ပြီဖြစ်ပြီး ယင်းသည် **ဖန်ဇူမှထွက်ခွာကာ ဘယ်လ်ဂျီယံအထိရောက်မည်**ဖြစ်သည်။ နယ်စပ်ဖြတ်ကျော်စီးပွားရေးအတွက် အထူးလုပ်ထားသည့် ယင်းဝန်ဆောင်မှုသည် တရုတ်အလယ်ပိုင်းရှိ ဟီနန်ပြည်နယ်၏ မြို့တော်မှထွက်ခွာသည့် ပထမဦးဆုံးသောခရီးစဉ်ဖြစ်သည်။ ယင်းလိုင်းသစ်သည် အကောက်ခွန်စောင့်ကြည့်ရေးကုတ်နံပါတ် ၉၆၁၀ ဖြင့် လည်ပတ်မည်ဖြစ်သည်။ ယင်းကုတ်အသစ်ကို အကောက်ခွန်စီမံခန့်ခွဲရေးက ၂၀၁၄ ခုနှစ်ကမှ ထပ်တိုးချပေးလိုက်ခြင်းဖြစ်သည်။ ယင်းကုတ်အသစ်ကြောင့် လက်လီသမားများသည် ကုန်ပစ္စည်းများကို သီးခြားစီလာပို့နိုင်ကာ သွင်းကုန်၊ ပို့ကုန်များအားလုံးကို အကောက်ခွန်သို့ တစ်စုတစည်းတည်း ကြေညာနိုင်သည်။ မှာထားသည့်ကုန်ပစ္စည်းများရောက်ရန် ကြန့်ကြာခြင်း၊ ထောက်ပို့လုပ်ငန်းကို ခြေရာခံရာတွင် အဆင်မပြေခြင်း စသည့်ပြဿနာများကို ယခုဝန်ဆောင်မှုအသစ်က တစ်ထောင့်တစ်နေရာမှဖြေရှင်းပေးနိုင်မည်ဟု ယင်းလမ်းကြောင်းသစ်မှ တာဝန်ခံများက ဆိုသည်။ **တရုတ်-ဥရောပ ကုန်တင်ရထားများသည် ၂၀၁၈ ခုနှစ်တွင် ၆၃၆၃ ကြိမ် ခရီးနှင်ခဲ့သည်၊ ယင်းအရေအတွက်သည် ၂၀၁၇ နှစ်နှင့်ယှဉ်လျှင် ၇၃ ရာခိုင်နှုန်းများလာခြင်းဖြစ်သည်၊ ယခုအခါ တရုတ်ရှိမြို့ကြီးပေါင်း ၅၉ မြို့သည် ဥရောပနိုင်ငံပေါင်း ၁၅ နိုင်ငံရှိ မြို့ကြီးပေါင်း ၄၉ မြို့နှင့် ရထားလမ်းချိတ်ဆက်ထားပြီ**ဖြစ်သည်။

(PD, 8.3.19)

ချယ်ရီ

## ထရမ့်က ဗီဒီယိုဖုန်းဆက်သွယ်ကာ ဘဝနေဝင်ချိန်နီးနေသည့်လူနာ၏ဆန္ဒကို ဖြည့်ဆည်းပေးခဲ့




အမေရိကန်နိုင်ငံ ကွန်နက်တီကပ်ပြည်နယ် နယူးဟေးဗင်းမြို့မှ ဂျေးဘာရက်ဆိုသူ ၄၄ **နှစ်အရွယ်လူနာအမျိုးသားရဲ့ ဘဝမှာအဖြစ်ချင်းဆုံးဆန္ဒတစ်ခုကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဖြည့်ဆည်းလိုက်လျှောပေးခဲ့ပါတယ်။ ဂျေးက cystic fibrosis ဆိုတဲ့ မွေးရာပါအသက်ရှုလမ်းကြောင်းပိတ်ဆို့တဲ့ဝေဒနာကြောင့် အသက်ရှင်ဖို့ခြောက်လသာအချိန်ကျန်တော့တယ်လို့** ဆရာဝန်တွေက မှတ်ချက်ပေးခံထားရသူဖြစ်ပြီး **မသေခင်မှာ သမ္မတဒေါ်နယ်ထရမ့်နဲ့ စကားစမြည်ပြောဖူးချင်တဲ့ဆန္ဒရှိနေခဲ့တာဖြစ်ပါတယ်။** ဂျေးရဲ့မသေခင် ပြည့်သွားခဲ့ချင်တဲ့ဆန္ဒအကြောင်းက ဝက်စ်ဟေးဗင်းမြို့ကောင်စီအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျေးရဲ့ညီမ ဘရေ့ဂျက်ဟောစကီရဲ့အကူအညီနဲ့ အိမ်ဖြူတော်ရုံးထိ ရောက်သွားခဲ့ကာ သမ္မတထရမ့်ဆီသတင်းပြန့်သွားခဲ့တာဖြစ်ပါတယ်။ တစ်ရက်မှာ ထရမ့်ရဲ့သားဖြစ်သူ အဲရစ်ထရမ့်နဲ့ အမေရိကန်မြို့ပြအိမ်ရာဖွံ့ဖြိုးမှု ဒေသဆိုင်ရာအကြီး လင်နီပက်တွန်တို့ဆီက ဖုန်းဆက်သွယ်မှုရခဲ့ပြီး နောက်တစ်နေ့မှာပဲ **ဂျေးရဲ့ဆန္ဒအတိုင်း သမ္မတထရမ့်ဆီကနေ ဗီဒီယိုဖုန်းဆက်သွယ်ပြောကြားမှုရရှိခဲ့တာဖြစ်ပါတယ်။** ဆက်သွယ်ပြောဆိုမှုအစပိုင်းမှာတင်သမ္မတထရမ့်က ဂျေးကို ခန့်ညားသူအဖြစ် ချီးမွမ်းပြောဆိုသွားခဲ့ပါတယ်။ **ဆန္ဒပြည့်ဝလို့ ပျော်ရွှင်နေခဲ့တဲ့ ဂျေးက သမ္မတထရမ့်နဲ့ အပြန်အလှန်စကားလက်ဆုံကျခွင့်ရခဲ့ပြီး သူမသေခင်လေးမှာ သမ္မတထရမ့်နဲ့လူချင်းထပ်မံတွေ့ဆုံချင်ပါသေးတယ်လို့**လည်း ပြောကြားသွားခဲ့ပါတယ်။ (DM, 9.3.19) သံသာ

## ထိုင်းကမ်းခြေတွင် ဒေါ်လာ ၅၀၀၀၀၀ တန် ငါးအန်ဖတ်ကြီး တွေ့ဟုဆို




ထိုင်းကမ်းခြေတွင် တွေ့သည့် ဝါဝါပျစ်ပျစ်အရာကြီးမှာ ရှားပါးဝေလငါးအန်ဖတ်ကြီးဖြစ်ကာ ဒေါ်လာ ၅၀၀၀၀၀ အထိဈေးရနိုင်သည်ဟု ယင်းကိုတွေ့ခဲ့သည့် စားပွဲထိုးအမျိုးသားတစ်ဦးက ဆိုသည်။ **အသက် ၄၄ နှစ်အရွယ် ဘိုယို့စ်တာလာအူပရာက ၂၂ ပေါင် အလေးချိန်ရှိသည့် ယင်းအရာကြီးကို ပြီးခဲ့သည့်နှစ်တွင် ကမ်းခြေ၌ လမ်းလျှောက်ထွက်ရင်း တွေ့သွားခဲ့ခြင်းဖြစ်သည်။** ပြီးနောက် ၎င်းက ယင်းကို နောက်ဖေးပန်းခြံ ထဲပစ်ထားလိုက်သည်။ သို့သော် ယင်းသို့သော **ဝေလငါးအန်ဖတ်သည် ကမ္ဘာကျော်ရေမွှေးထုတ်လုပ်သူများ ဈေးကောင်းပေးကာ အသည်းအသန်လိုက်ရှာဝယ်နေသည့်အရာဖြစ်သည်**ဟုသူငယ်ချင်းတစ်ဦးက ပြီးခဲ့သည့်လတွင် ပြောပြသည့်အခါ ၎င်းမှာ စိတ်ဝင်စားသွားပြီး ယင်းကို နောက်ဖေးပန်းခြံထဲမှ ပြန်ထုတ်လာသည်။ "အဲဒါကြီးကို **ထိုးကြည့်လိုက်ရင် နုနုအိအိကြီးဗျ၊ ဖယောင်းပျော့ပျော့နဲ့ခပ်ဆင်ဆင်ပဲ၊ ဒါပေမဲ့ မီးညှိကြည့်တော့လည်း မီးမတောက်ဘူးဆိုတော့ ဖယောင်းတော့ လုံးဝမဖြစ်နိုင်တော့ဘူး၊** ဒါကြောင့် မှတ်ဆိတ်မွေးပျားစွဲရင်တော့ သိပ်ကောင်းမှာပဲ၊ အသက်လည်း ၄၄ နှစ်ရှိပြီဆိုတော့ ပိုက်ဆံမရှာချင်တော့ဘူး၊ နားချင်ပြီ၊ အဲဒါကြီးသာဈေးကောင်းရသွားရင်တော့ အနားယူတော့မယ်" ဟု ၎င်းက ပြောပြသည်။

(DM, 8.3.19)

ချယ်ရီ

## ဆင်ကိုရိုက်ကာ အမိန့်ပေးသည့်အိန္ဒိယဆင်ထိန်း ဆင်ပိပြီးသေဆုံး



**ဆင်ထိန်းက ဆင်ကို အပြင်းအထန်ရိုက်နက်အမိန့်ပေးလိုက်သဖြင့် ဆင်သည် ဟန်ချက်ပျက်သွားပြီး ဆင်ထိန်းကို ဖိမိကာ ဆင်ထိန်းသေဆုံးသွားမှု** အိန္ဒိယတွင် ဖြစ်ပွားခဲ့သည်။ အိန္ဒိယတောင်ပိုင်းကာရာလာတွင် အသက် ၄၀ အရွယ် အာရွှန်ပနစ်ကာက ဆင်ကို ရေချိုးပေးနေသည်ကို ဗီဒီယိုဖိုင်တွင် မြင်တွေ့ရမည်ဖြစ်သည်။ ဆင်၏ကျောကို ပွတ်တိုက်ပေးလိုသဖြင့် ၎င်းက ဆင်ကို ဝပ်ခိုင်းလိုက်သည်။ သို့သော် ဆင်က မဝပ်ချင်သဖြင့် ပေကပ်နေသည်။ ထို့ကြောင့် **ထိုဆင်ထိန်းက စိတ်တိုလာပြီး ဆင်ကို တုတ်တစ်ချောင်းဖြင့် အားပါးတရ လွှဲရိုက်လိုက်သည်၊ ထိုအခါ ဆင်သည် ချော်ကျသွားပြီး ဆင်ထိန်းကို ဖိမိသွားတော့သည်၊** ဆင်ထိန်း မတော်တဆ ဖိသတ်ခံလိုက်ရပုံကို ပျံ့နှံ့နေသည့်စောင့်ကြည့်ဗီဒီယိုဖိုင်မှတ်တမ်းတွင် အတိုင်းသားမြင်တွေ့ရမည်ဖြစ်သည်။ ကင်မရာမြင်ကွင်းအပြင်ဘက်ရောက်နေသည့် အမျိုးသားတစ်ဦးက ဆင်ဖိခံရသည့် ဆင်ထိန်းကို အမြန်သွားကူသော်လည်း အသက်မမီလိုက်တော့ပေ။ ဆင်ထိန်းကို ဆွဲထုတ်မရသည့်အဆုံး ထိုအမျိုးသားက ဆင်ကိုချော့မော့ကာ မတ်တတ်ရပ်ခိုင်းပြီး အလောင်းကို ဆွဲထုတ်လိုက်သည်။ **ဆင်ထိန်းသည် ဆင်ဖိခံရသဖြင့် ချက်ချင်းအသက်ထွက်သွားကြောင်းဆေးစစ်ချက်များက ဆိုသည်။**

(DM, 8.3.19)

ချယ်ရီ

www.free4readers.com



## ဆိုက်ဘေးရီးယားဒေသတွင် အေးခဲနေသည့် မြစ်မျက်နှာပြင်ပေါ်၌ ကားလမ်းဖွင့်လှစ်ပေးထား



ဆိုက်ဘေးရီးယားဒေသမှ Krasnoyarsk မြို့တောင်ဘက် Yenisei မြစ်၏ အေးခဲနေသောရေမျက်နှာပြင်ပေါ်တွင် ဒေသခံယာဉ်အာဏာပိုင်အဖွဲ့က ကားလမ်းတစ်ခုဖွင့်လှစ်ပေးထားသည်ဟု သိရသည်။

**မြစ်၏ကမ်းပါးနှစ်ခုကိုဆက်သွယ်ထားသော အက်ကြောင်းကြီးများနှင့်ရေခဲပြင်ကားလမ်းပေါ်တွင် ကားများအားလုံးမှာ စိုးရိမ်ကြောင့်ကြမှုတစ်စုံတစ်ရာမရှိဘဲ မောင်းနှင်သွားလာနေကြသည်ကို မြင်တွေ့ရသည်၊ ဆိုက်ဘေးရီးယားဒေသ၌ ဆောင်းရာသီအပူချိန်သည် အနုတ် ၅၈ ဒီဂရီဖာရင်ဟိုက်အထိနိမ့်ကျသွားလေ့ရှိပြီး မြစ်ကြီးမှာ ပေပေါင်းများစွာအနက်အထိအေးခဲသွားလေ့ရှိသည်၊** အကျယ်သုံးမိုင်ရှိသော Yenisei မြစ်ထဲတွင် ဆောင်းရာသီရောက်လာတိုင်း အေးခဲသွားသည့် ရေခဲပြင်ပေါ်တွင် ပုံမှန်ကားလမ်းဖွင့်လှစ်ပေးခြင်းဖြစ်သည်။ **အခြားဒေသများရှိ ရေခဲပြင်မြစ်များပေါ်၌ ကားမောင်းခြင်းသည် အန္တရာယ်များနိုင်သော်လည်း ဆိုက်ဘေးရီးယားဒေသ၏ရေခဲပြင်သည် ကားမောင်းနှင်ရန်ဘေးကင်းလောက်အောင်အေးခဲနေသည့်**အတွက် အာဏာပိုင်များကိုယ်တိုင်က **ဆောင်းရာသီတိုင်း ကားလမ်းဖွင့်လှစ်ပေးခြင်းဖြစ်**သည်ဟု သိရသည်။

**(DM,9.3.19)** အေးယုနိုင်

## အိမ်ပြင်နေသည့်အမျိုးသား အဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းနံရံကပ်ပန်းချီကားပေါင်း ၂၄ ချပ် ရှာတွေ့သွား



Koper Facebook

**ရွှေများအပြည့်ပါသည့် နာဇီရထားကို နှစ်ပေါင်းများစွာ လိုက်ရှာသော်လည်း မတွေ့ခဲ့သည့် ပိုလန်အမျိုးသားသည် ရှေးဟောင်းအဆောက်အအုံကြီးတစ်ခုကို ပြင်ဆင်သည့်အခါတွင်မှ အဖိုးမဖြတ်နိုင်သည့် နံရံကပ်ပန်းချီကားပေါင်း ၂၄ ချပ်ကို မထင်မှတ်ဘဲ တွေ့သွားကာ ကံကောင်းသွားပြီဖြစ်သည်၊** ပိုလန်အနောက်တောင်ရှိ ရှေးဟောင်းနန်းတော်ကြီး၏ နံရံများကို ပြင်ဆင်ရာ **အင်္ဂတေအောက်ရောက်နေသည့် ရှေးဟောင်းနံရံကပ်ပန်းချီကားကြီးအများအပြားကို ရှာတွေ့သွားခြင်းဖြစ်**သည်။ နာဇီရွှေရထားကို ရှာတွေ့ပြီဟု ပြောခဲ့သဖြင့် ၎င်းသည် ၂၀၁၅ ခုနှစ်ကလည်း နာမည်ကြီးသွားခဲ့သေးသည်။ သို့သော် ထိုပြောကြားချက် မှားယွင်းကြောင်း နောက်တစ်နှစ်အကြာတွင် လူအများသိသွားသည်။ 'အင်္ဂတေခွာနေရင်းနဲ့အောက်မှာတစ်ခုခုရှိတယ်လို့ထင်မိတယ်။ အဲဒါကြောင့်သတိထားပြီးခွာလိုက်တယ်။ **အင်္ဂတေအားလုံးလည်း ကွာသွားရော အောက်မှာဗျာ.. ရှေးပန်းချီကားတွေ တစ်ချပ်ပြီးတစ်ချပ်ပဲ၊ အဲဒီလောက်ရှားတဲ့ပစ္စည်းတွေအများကြီးတွေ့လိမ့်မယ်လို့ လုံးဝထင်မထားမိဘူး'** ဟု ၎င်းက ပြောပြသည်။ ယင်းတို့သည် **၁၆ ရာစုမှ ပန်းချီကားများဖြစ်ဖွယ်ရှိ**သည်။ ပန်းချီကားများ များစွာ ထပ်တွေ့ဦးမည်ဟု ထင်ကြောင်း ၎င်းက ပြောသည်။

**(DM, 8.3.19)**
ချယ်ရီ

## ဘွဲ့လက်မှတ်အတုများဖြင့် ကုမ္ပဏီ ၃၈ ခုတွင် အင်ဂျင်နီယာအလုပ်ရခဲ့သူ

စင်ကာပူနိုင်ငံတွင် နေထိုင်သည့် ချင်မင်လိစ်ဆိုသည့်အမျိုးသားသည် **သင်တန်းဆင်းလက်မှတ်အတုများသုံးကာ ကုမ္ပဏီပေါင်း ၃၈ ခုတွင် မြို့ပြအင်ဂျင်နီယာအလုပ်များ ရရှိခဲ့သည်၊** အသက် ၄၉ နှစ်အရွယ် အဆိုပါအမျိုးသားသည် **သံသယအဖြစ်မခံရစေရန်အလို့ငှာ အလုပ်တစ်ခုတွင် ကြာကြာမလုပ်ပေ၊** ထို့ကြောင့် လေးနှစ်တာကာလအတွင်းတွင် အလုပ်ပေါင်း ထိုမျှပြောင်းခဲ့ခြင်းဖြစ်သည်။ ၎င်းအတုလုပ်သည့်လက်မှတ်များထဲတွင် **စင်ကာပူအမျိုးသားတက္ကသိုလ်မှ ဘွဲ့လက်မှတ်အတုလည်းပါဝင်သည်၊ ၎င်း၏ အမှန်တကယ်အရည်အချင်းမှာ မူလတန်းကျောင်းထွက်ဖြစ်သည်၊ လက်မှတ်အတုများသုံးကာ လိမ်လည်ပြီးအလုပ်လုပ်သဖြင့် ၎င်းသည် ထောင်ဒဏ် နှစ်နှစ်နှင့် ၁၁ လ ချမှတ်ခံလိုက်ရကာ ဒဏ်ငွေ စင်ကာပူဒေါ်လာ ၁၆၀၀ ချမှတ်ခံလိုက်ရ**သည်။ စင်ကာပူအမျိုးသားတက္ကသိုလ်ဘွဲ့လက်မှတ်ကို မန်နေဂျာဖြစ်သူက တောင်းယူကာ တိုက်ဆိုင်စစ်ဆေးကြည့်သည့်အခါ နာမည်မကိုက်သည်ကို တွေ့ရသဖြင့် မန်နေဂျာက စတင်တိုင်တန်းခဲ့ခြင်းဖြစ်သည်။ အင်ဂျင်နီယာအလုပ်သည် လစာကောင်းကြောင်း သိရသဖြင့် လက်မှတ်အတုများ လုပ်ခဲ့ခြင်းဖြစ်သည်ဟု ချင်မင်လိစ်က ထွက်ဆိုခဲ့သည်။ ၎င်းသည် လက်မှတ်အတုများကြောင့် အလုပ်များ လွယ်လင့်တကူရခဲ့သည်။ တစ်ခါကဆိုလျှင် လစာ စင်ကာပူဒေါ်လာ ၉၀၀၀ အထိ ရခဲ့သည်။ အလိမ်မပေါ်မီ နှစ်ပတ်ခန့်အလိုကပင် ၎င်းသည် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် စီမံကိန်းမန်နေဂျာရာထူးလျှောက်ခဲ့သေးပြီး အလုပ်ရခဲ့သည်။ သို့သော် လစာ စင်ကာပူဒေါ်လာ ၇၅၀၀ သာ ရမည်ဆိုသဖြင့် နည်းသည်ဟုဆိုကာ ၎င်းက ထိုအလုပ်ကမ်းလှမ်းချက်ကို ပယ်ချခဲ့သည်။



**(ST, 8.3.19)** ချယ်ရီ

## အရောင်အသွေးအစုံအလင်နှင့် ခမ်းနား လှပမြူးကြွနေခဲ့သည့် ဘရာဇီးကာနီဗယ် ပွဲတော်



ဆန်းကြယ်လှပတဲ့အရောင်အသွေးတွေနဲ့ တောက်ပလှပနေတဲ့ ဝတ်စုံဆန်းတွေဝတ်စားဆင်ယင်ထားကြပြီး မြူးကြွတဲ့တေးဂီတစည်းချက်တွေနဲ့အပြိုင် ကခုန်နေကြတဲ့ အကအဖွဲ့တွေက မျှော်မှန်းနိုင်အောင်စီတန်းလှည့်လည်ကပြဖျော်ဖြေသွားကြတဲ့ **ဘရာဇီးနိုင်ငံရဲ့အထင်ကရပွဲတော်ဖြစ်တဲ့ ကာနီဗယ်ပွဲတော်ကြီးကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့**မှာ ကျင်းပသွားခဲ့ပါတယ်၊ **မြူးကြွတဲ့ဆမ်ဘာဂီတစည်းချက်တွေကြားထဲ စီတန်းလှည့်ပြနေကြတဲ့အလှပြယာဉ်တွေရဲ့ အနုစိတ်ဖန်တီးပုံဖော်ထားတဲ့ အနုပညာလက်ရာဖန်တီးမှုတွေကလည်း အံ့အားသင့်ဖွယ်ကောင်းလှပြီး ကမ္ဘာမှာအထင်ရှားဆုံးပွဲတော်တစ်ခု**ဆိုတဲ့ဂုဏ်ပုဒ်ကို ဆက်ပြီးထိန်းထားနိုင်ခဲ့တာဖြစ်ပါတယ်။ ရီယိုဒီဂျနေးရိုးမြို့ရဲ့ဆမ်ဘာအကကျောင်းတွေက အကသမားတွေ ထောင်သောင်းချီပါဝင်ကပြဆင်နွှဲသွားခဲ့ကြတာဖြစ်ပြီး စီတန်းလှည့်လည်မှုကို တကူးတကလာရောက်ကြည့်ရှုအားပေးကြတဲ့ ဘရာဇီးနိုင်ငံတစ်ဝန်းနဲ့ **ကမ္ဘာတစ်ဝန်းက ပရိသတ်တွေကလည်း အကအဖွဲ့တွေနဲ့အတူ စည်းချက်လိုက်ကာ တပျော်တပါးအတူကခုန်နေခဲ့ကြတာဖြစ်ပါတယ်၊ ယခုနှစ်ကာနီဗယ်ပွဲတော်မှာ လာရောက်ကြည့်ရှုအားပေးသူ ပရိသတ်ဦးရေ ၇၀၀၀၀ ကျော်ရှိခဲ့ပြီး လက်မှတ်မရလို့ ပွဲခင်းအပြင်ဘက်မှာ ရှိနေတဲ့ လူအုပ်ကြီးကပဲ ထောင်သောင်းချီပြီးရှိလောက်တယ်လို့** သိရပါတယ်။ သူမတူအောင်ထူးခြားတဲ့ အကအလှတွေ၊ မြူးကြွလှုပ်ရှားတဲ့ ဂီတစည်းချက်နဲ့အတူ ပွဲတော်ပျော်ရွှင်ခံစားမှုတွေကို ပေးစွမ်းတဲ့အတွက် ဘရာဇီးနိုင်ငံရဲ့ ကာနီဗယ်ပွဲတော်က တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာတဲ့ ပရိသတ်တွေနဲ့စည်ကားနေခဲ့တာဖြစ်ပါတယ်။

**(DM, 8.3.19)**
သံသာ

## အိမ်တွင်မွေးထားသည့် ခြင်္သေ့ကြီးလက်ချက်ကြောင့် သေဆုံးသွားသည့်သခင်



အိမ်တွင်တရားမဝင် မွေးထားသည့် ခြင်္သေ့ကြီးလက်ချက်ကြောင့် ပိုင်ရှင်အမျိုးသားသေဆုံးသွားမှု ချက်သမ္မတနိုင်ငံတွင် ဖြစ်ပွားခဲ့သည်။ ကိုးနှစ်အရွယ် ခြင်္သေ့ကြီးကို လှောင်ထားသည့် လှောင်အိမ်ထဲတွင် သားဖြစ်သူ၏အလောင်းကို တွေ့ခဲ့ရကြောင်း၊ လှောင်အိမ်ကို အတွင်းဘက်မှ သော့ခတ်ထားကြောင်း ဖခင်ဖြစ်သူက ဆိုသည်။ အသက် ၃၄ နှစ်အရွယ် မစ္စတာပရာဆက်သည် မျိုးဖောက်လိုသဖြင့် ခြင်္သေ့အထီးတစ်ကောင်နှင့် အမတစ်ကောင်ကို ကပ်လျက်လှောင်အိမ်တစ်ခုစီတွင် ခိုးမွေးထားသည်။ ဖခင်ဖြစ်သူက ဖုန်းဆက်ခေါ်သဖြင့် ရဲများ အခင်းဖြစ်ရာနေရာသို့ ရောက်လာကြသည်။ **ခြင်္သေ့နှစ်ကောင်ကို ပစ်သတ်လိုက်ပြီးမှ အလောင်းကို ဆွဲယူ၍ရသွားကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူကဆိုသည်၊ မလွှဲသာသဖြင့်သာ ခြင်္သေ့များကို သတ်လိုက်ရခြင်းဖြစ်ကြောင်း** ၎င်းက ဆက်လက်ပြောကြားသည်။ ခြင်္သေ့တစ်ကောင်ကို ထွက်ကျောင်းစဉ် စက်ဘီးသမားတစ်ဦးက ၎င်းခြင်္သေ့ကို စက်ဘီးဖြင့်ဝင်မိလိုက်မှု ပြီးခဲ့သည့် နွေရာသီတွင်ဖြစ်ပွားခဲ့သဖြင့် သတင်းများတွင် ခြင်္သေ့ပိုင်ရှင်အကြောင်း ပါလာခဲ့သေးသည်။ **၎င်းသည် လှောင်အိမ်ထဲနေ့စဉ်သွားကာ ခြင်္သေ့နှင့်ဆော့ပေးလေ့ရှိကြောင်း** ဖခင်ဖြစ်သူက ပြောပြသည်။

**(DM, 8.3.19)** ချယ်ရီ

www.free4readers.com



## ကမ္ဘာ့အကြီးဆုံးရွေးကောက်ပွဲကြီးဖြစ်သော အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲအတွက်သတ်မှတ်ရက်များထုတ်ပြန်ကြေညာ



**အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ဧပြီလနှင့်မေလကြားတွင် အဆင့်ခုနစ်ဆင့်ဖြင့်ကျင်းပသွားမည်ဖြစ်ကြောင်း** ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်ဟု သိရသည်။

အောက်လွှတ်တော်သစ်ရွေးချယ်တင်မြှောက်ရန် ဆန္ဒမဲပေးခြင်းကို ဧပြီလ ၁၁ ရက်မှမေလ ၁၉ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး မေလ ၂၃ ရက်တွင် မဲများကို ရေတွက်သွားမည်ဖြစ်သည်။ **မဲပေးရန်အရည်အချင်းပြည့်မီသူ သန်း ၉၀၀ ရှိသော အိန္ဒိယနိုင်ငံ၏ရွေးကောက်ပွဲသည် ကမ္ဘာပေါ်တွင် အကြီးဆုံးရွေးကောက်ပွဲဖြစ်သည်။** ဝန်ကြီးချုပ်မိုဒီ၏အာဏာရဘီဂျေပီပါတီက အတိုက်အခံကွန်ဂရက်ပါတီ၊ ဒေသတွင်းပါတီများ၏အုပ်စုတစ်ခုနှင့်ရင်ဆိုင်ရမည်ဖြစ်သည်။ အင်အားကြီးပြိုင်ဘက်နှစ်ခုလုံး၏ခေါင်းဆောင်များက အိန္ဒိယနိုင်ငံ၏လူဦးရေအထူထပ်ဆုံးအပ်တာပရာဒေ့ရှ်ပြည်နယ်တွင် ဘီဂျေပီပါတီကိုဆန့်ကျင်၍ မဟာမိတ်ဖွဲ့ထားပြီးဖြစ်သည်။ **အောက်လွှတ်တော်တွင် ရွေးချယ်တင်မြှောက်ထားသည့်နေရာပေါင်း ၅၄၃ ခုရှိပြီး မည်သည့်ပါတီနှင့်မဟာမိတ်အဖွဲ့မဆို အစိုးရဖွဲ့စည်းရန် အနည်းဆုံး ၂၇၂ နေရာလိုအပ်မည်ဖြစ်သည်။** ဆန္ဒမဲပေးသည့်ရက်များကို ဧပြီလ ၁၁ ရက်၊ ၁၈ ရက်၊ ၂၃ ရက်၊ ၂၉ ရက်၊ မေလ ၆ ရက်၊ ၁၂ ရက်နှင့် ၁၉ ရက်ဟု ကြေညာထားပြီး အချို့ပြည်နယ်များတွင် အဆင့်ပေါင်းများစွာဖြင့်ကျင်းပကြရမည်ဖြစ်သည်။ အိန္ဒိယ၏ပထမဆုံးသမိုင်းဝင်ရွေးကောက်ပွဲသည် သုံးလကြာမြင့်ခဲ့ပြီး **ပုံမှန်အားဖြင့် မဲရုံများအားလုံးမှမဲများကိုစုစည်းနိုင်ရန် အချိန်ယူရလေ့ရှိသည်။** အိန္ဒိယ၏ ၂၀၁၄ ခုနှစ်ရွေးကောက်ပွဲသည် ဒေါ်လာ ၅ ဘီလျံကုန်ကျခဲ့ပြီး အိန္ဒိယ၏ရွေးကောက်ပွဲများသည် ကုန်ကျစရိတ်လည်းများလှသည်ဟု သိရသည်။

(BBC,11.3.19)
အေးယုနိုင်

## ကမ္ဘာ့အရှည်ဆုံး သစ်ပင်တန်းလမ်းမကြီး



ဂျပန်နိုင်ငံ နီကိုမြို့ရှိ သစ်ကတိုးရိပ်သာလမ်းမကြီးသည် **အရှည် ၃၇ ကီလိုမီတာရှိပြီး တစ်ဖက်တစ်ချက်တွင် သစ်ကတိုးပင်ကြီးများဖြင့် ညို့မှိုင်းနေသည်။ ယင်းသည် ကမ္ဘာ့အရှည်ဆုံး သစ်ပင်တန်းလမ်းမကြီးအဖြစ် သတ်မှတ်ခံထားရပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀ နီးပါးခန့်က စပေါ်လာသည့်လမ်းဖြစ်သည်။ ၁၆၂၅ ခုနှစ်ကစကာ သစ်ပင်များကို စိုက်ပျိုးခဲ့ပြီး နှစ်ပေါင်း ၂၀ အချိန်ယူခဲ့ရသည်။** မတ်ဆူဒိုင်ရာမဆက်ဆူနာက နီကိုမြို့ရှိ နတ်ကွန်းသို့သွားရာလမ်းတစ်လျှောက်တွင် အပင်များ စိုက်နိုင်းခဲ့ခြင်းဖြစ်သည်။ ၎င်းက နတ်ကွန်းကိုလည်းပြင်ဆင်မွမ်းမံခဲ့သေးသည်။ သစ်ပင်ကို စတင်စိုက်စဉ်တွင် အပင်ပေါင်း ၂၀၀၀၀၀ ခန့် စိုက်ခဲ့သည်ဟု ခန့်မှန်းရသည်။ လမ်းဖောက်သည့်လုပ်ငန်းကြောင့် အပင်အမြောက်အမြားကို ခုတ်လှဲပစ်ရခြင်း၊ လမ်းမတွင် ဥဒဟိုသွားနေသည့်ကားများမှ ထွက်လာသည့်ညစ်ညမ်းလေထုနှင့် ထိတွေ့နေရခြင်းတို့ကြောင့် သစ်ပင်များ သေဆုံးကုန်ခြင်း စသည်တို့ကြောင့် ယခုအခါ အပင်ပေါင်း ၁၃၀၀၀ ခန့်သာ ကျန်တော့သည်။ သစ်ပင်ခြောက်လာပြီး သေခါနီးလာသည်ဖြစ်စေ၊ သစ်ပင်အမြစ်မှကျွတ်ထွက်နေသည်ဖြစ်စေ အထက်က ခွင့်ပြုရမှသာ အပင်များကို ခုတ်လှဲပစ်၊ ရွှေ့ပစ်၍ရသည်။ ခုတ်လိုက်သည့်သစ်ပင်နေရာတွင်လည်း အပင်ပေါက်ကို မဖြစ်မနေ စိုက်ခဲ့ရသည်။ ယင်းလမ်းမတစ်လျှောက်ရှိရွာများမှ ရွာသားများသည် လမ်းပြင်ခြင်း၊ ပေါင်းနုတ်ခြင်း၊ လမ်းမကြီးကို သန့်ရှင်းနေအောင်ထားခြင်းဆိုသည့်ကိစ္စများကို လုပ်ပေးခဲ့ရသည်။

(AP, 11.3.19) ချယ်ရီ

## တရုတ်က တစ်နိုင်ငံလုံးမှ Boeing 737 Max8 လေယာဉ်များအားလုံး ရပ်နားထားရန် လေကြောင်းလိုင်းများကို အမိန့်ပေး

**အီသီယိုးပီးယားလေကြောင်းလိုင်း၏ဘိုးရင်း ၇၃၇ လေယာဉ်ပျက်ကျပြီးနောက် တရုတ်လေကြောင်းလိုင်းအာဏာပိုင်များက တစ်နိုင်ငံလုံးရှိ Boeing 737 Max8 လေယာဉ်များအားလုံးကိုရပ်နားထားရန် လေကြောင်းလိုင်းများကို အမိန့်ပေးထားသည်ဟု** သိရသည်။





မတ်လ ၁၁ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီမှစတင်ကာ Boeing 737 Max8 ၏စီးပွားဖြစ်လေကြောင်းပျံသန်းမှုများအားလုံးကိုရပ်နားရမည်ဖြစ်သည်။ လူပေါင်း ၁၅၇ ဦးလိုက်ပါသွားသောအီးသီယိုးပီးယားလေယာဉ်ပျက်ကျမှုသည် **ပြီးခဲ့သည့်ငါးလအတွင်း Boeing 737 Max8 ပါဝင်သော ဒုတိယအကြိမ်လေယာဉ်ပျက်ကျမှုဖြစ်သည်။** ပြီးခဲ့သည့်အောက်တိုဘာလက Lion Air လေယာဉ်တစ်စင်းပျက်ကျမှုသည် လူပေါင်း ၁၈၉ ဦးကိုသေဆုံးစေခဲ့သည်။ တရုတ်လေကြောင်းအာဏာပိုင်အဖွဲ့က 'လေယာဉ်ပျက်ကျတဲ့**ဖြစ်ရပ်နှစ်ခုလုံးက Boeing 737 Max8 လေယာဉ်တွေဖြစ်တဲ့အပြင် ပျံတက်ပြီးမကြာခင်မှာဖြစ်ပေါ်ခဲ့တာဟာ အတိုင်းအတာတစ်ခုအထိတူညီနေတဲ့ပြဿနာဖြစ်ပါတယ်**' ဟု ဆိုခဲ့သည်။ သို့သော် ကျွမ်းကျင်ပညာရှင်များက အီသီယိုးပီးယားလေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို အတိအကျပြောနိုင်ရန်ခက်ခဲနေသေးသည်ဟု ဆိုထားသည်။ တရုတ်လေကြောင်းအာဏာပိုင်များက ဘိုးရင်းလေယာဉ်များကို ပျံသန်းခွင့်ပေးမည့်အချိန်ကို ထုတ်ပြန်ကြေညာသွားမည်ဟု ဆိုခဲ့သည်။ Air China ၊ China Eastern Airlines နှင့် China Southern Airlines တို့အပါအဝင် တရုတ်လေကြောင်းလိုင်းအများစုမှာ ပျံသန်းခွင့်ပိတ်ပင်မှုကြောင့် ထိခိုက်မှုများရှိခဲ့သည်။ **တရုတ်နိုင်ငံတွင် Boeing 737 Max8 လေယာဉ်အစင်း ၉၀ ကျော်အသုံးပြုလျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင်မှ စီးပွားဖြစ်ပျံသန်းခဲ့သည့်မော်ဒယ်ဖြစ်ကြောင်း** သိရသည်။

(BBC,11.3.19) အေးယုနိုင်

## ကမ္ဘာ့အမြန်ဆုံး ပုဂ္ဂလိကပိုင် ဂျက်လေယာဉ်



ထိတ်ထိတ်ကြဲသူဌေးကြီးများ အကြိုက်တွေ့မည့် ဒီဇိုင်းသပ်ရပ်လှပခေတ်မီသည့် ဂျက်လေယာဉ် ပေါ်လာပြီဖြစ်သည်။ HondaJet Elite သည် **အနည်းဆုံး တန်ဖိုး ဒေါ်လာ ၅ ဒသမ ၂၅ သန်း ကျသင့်မည်ဖြစ်သည်။** ယင်းဂျက်လေယာဉ်၏ ဦးပိုင်းသည် လှလှပပချွန်မြနေသည်။ **ဒီဇိုင်နာထုတ် မိန်းမစီးရှူးဖိနပ်ဒီဇိုင်းကိုမှီငြမ်းကာ ထိုဦးပိုင်းကို ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အရှည် ၁၂ ပေရှိသည့် ယင်းဂျက်လေယာဉ်ကိုယ်ထည်ထဲတွင် မီးဖိုချောင်လည်းပါဝင်သည်။** အဆိုပါမီးဖိုချောင်တွင် ကော်ဖီဖျော်စက်၊ ထိုင်ခုံလေးလုံး၊ စားပွဲငယ်လေးများနှင့် **သန့်စင်ခန်းတို့ပါသည်။ ထိုလေယာဉ်တွင် ဝိုင်ဖိုင်လည်း ပါပြီးသားဖြစ်သည့်အတွက်ဆက်သွယ်ရေး လွယ်ကူချောမွေ့နေမည်ဖြစ်သည်။** သန့်စင်ခန်းရှိဘိုထိုင်ကမုတ်တွင် ခါးပတ်ပါသဖြင့် ယင်းကို အပိုထိုင်ခုံအဖြစ် ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်သည်။ လေယာဉ်မှူးခန်းတွင် ထိုင်ခုံနှစ်ခုပါပြီး ခေတ်မီစက်ကိရိယာများလည်းပါသည်။ ခလုတ်လေးတစ်ခုကို နှိပ်လိုက်ရုံမျှဖြင့် လေယာဉ်စက်နိုးသွားမည်ဖြစ်ပြီး ထိတွေ့မျက်နှာပြင်စောင့်ကြည့်ကိရိယာများလည်းပါရှိသည်။ ထို့ပြင် **လူခြောက်ဦးဆံ့ ယင်းဂျက်လေယာဉ်သည်** အမြန်ဆုံးဂျက်လေယာဉ်လည်းဖြစ်သည်။ **တစ်နာရီ ၄၈၆ မိုင်နှုန်းဖြင့် အမြန်ဆုံးသွားနိုင်ကာ အမြင့်ပေ ၄၃၀၀၀ တွင်လည်း ပျံသန်းနိုင်သည့်အတွက်** ယင်းသည် အရွယ်အစားတူအခြားသော ပုဂ္ဂလိကပိုင်ဂျက်လေယာဉ်များအားလုံးထက် ပိုမြန်မြန်၊ ပိုမြင့်မြင့်ပျံသန်းနိုင်ခြင်းဖြစ်သည်။ ယင်းကို ဂျပန်လူမျိုးတစ်ဦးက ဒီဇင်ဘာလတွင် ပထမဦးဆုံးမှာယူခဲ့သည်။

(DM, 11.3.19)
ချယ်ရီ

## တစ်ရက်တည်း ထီအကြိမ် ၃၀ ပေါက်သည့် အမျိုးသမီး





အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်နေ အမျိုးသမီးတစ်ဦးသည် **ထီလက်မှတ် အစောင် ၃၀ ဝယ်ရာ ထိုထီအားလုံး ပေါက်သဖြင့် တစ်ရက်တည်း စုစုပေါင်း ဒေါ်လာ ၁၅၀၀၀၀ ရရှိသွားသည်။ ပထမတွင် ထီလက်မှတ် အစောင် ၂၀ ဝယ်ခဲ့ပြီး မကြာမီ ထီလက်မှတ် ၁၀ စောင် ထပ်ဝယ်ခဲ့ခြင်းဖြစ်သည်**ဟု ဘရောင်းက ပြောပြသည်။ ၎င်းဝယ်သမျှ ထီလက်မှတ်အားလုံး ပေါက်သည့်အတွက် ၎င်းသည် ဒေါ်လာ ၁၅၀၀၀၀ ရသွားတော့သည်။ 'ကျွန်မမှာ နှလုံးခုန်ရပ်သွားတော့မတတ်ပဲ' ဟု ထီဆုကြီးကိုတက်ယူစဉ် ၎င်းက ပြောပြသည်။ ဆုငွေကို မည်သို့သုံးရမည်ဆိုသည်ကို မစဉ်းစားရသေးသော်လည်း အိမ်ပြင်လိုကြောင်း ၎င်းက ဆိုသည်။ ၎င်းသည် လေးလုံးထီထိုးခဲ့ခြင်းဖြစ်ပြီး ပေါက်ဂဏန်းနှင့်လေးလုံးစလုံး အစဉ်လိုက် ကိုက်ရန်မှာ အကြိမ်ပေါင်း ၁၀၀၀၀ တွင်မှ တစ်ကြိမ်သာ ဖြစ်နိုင်သည်။ အဆိုပါဗာဂျီးနီးယားထီသက်တမ်းမှာ နှစ်ပေါင်း ၃၀ ရှိပြီဖြစ်သည်။

(DM, 11.3.19) ချယ်ရီ

www.free4readers.com

## သုတေသနစာတမ်းပြုစုသည့် တက္ကသိုလ်ကျောင်းသားများကို ကော်ဖီအခမဲ့တိုက်သည့် ကော်ဖီဆိုင်



တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ်၊ နန်ကျင်းတက္ကသိုလ်မှ ဓာတုဗေဒဌာနမှာ **သုတေသနစာတမ်းပြုစုရေးသားတဲ့ တက္ကသိုလ်ကျောင်းသားတိုင်းကိုကော်ဖီဆိုင်တစ်ဆိုင်က ကော်ဖီအခမဲ့တိုက်နေပါတယ်။** တက္ကသိုလ်ကျောင်းသားတွေနဲ့ တက္ကသိုလ်နည်းပြတွေ အလာများတဲ့ ကော်ဖီဆိုင်တစ်ဆိုင်ဖြစ်ပြီး **ဆိုင်အပြင်အဆင်မှာလည်း ဓာတုဗေဒနဲ့ သက်ဆိုင်တဲ့ အခင်းအကျင်းတွေနဲ့ မွမ်းမံထားတဲ့ ဓာတုဗေဒကော်ဖီဆိုင်ဖြစ်**ပါတယ်။ တက္ကသိုလ်ကျောင်းသားတွေနဲ့ ပညာသင်ဆုရထူးချွန်ကျောင်းသားတွေ သုတေသနစာတမ်းတွေအတွက် ကော်ဖီဆိုင်ထိုင်ရင်းလေ့လာဆည်းပူးကြတာကိုလည်း အားပေးနေတဲ့ ကော်ဖီဆိုင်ဖြစ်ပြီး **နိုဘယ်ဆုရပညာရှင်တွေ၊ တရုတ်သိပ္ပံအကယ်ဒမီက ပညာရှင်တွေကိုလည်း ဒီကော်ဖီဆိုင်မှာ ရာသက်ပန်ကော်ဖီအခမဲ့တိုက်ကြောင်း**လည်းကြေညာထားတာဖြစ်ပါတယ်။ ဓာတုဗေဒကျောင်းသားတွေအတွက် ဒီဆိုင်လေးက တကယ့်ကိုသုခဘုံအစစ်ပါပဲလို့ နန်ကျင်းတက္ကသိုလ်ကျောင်းသားတစ်ဦးက ဆိုပါတယ်။ ကော်ဖီဆိုင်မှာ ကော်ဖီလာသောက်ရင်း နံရံမှာမွမ်းမံအလှဆင်ထားတဲ့ ဓာတုဗေဒလေ့ကျင့်ခန်းတွေကို လေ့လာနိုင်ခဲ့တယ်လို့လည်း ဓာတုဗေဒကျောင်းသားတစ်ဦးဖြစ်တဲ့ ယန်က ဆိုပါတယ်။

**(CGTN, 9.3.19)**

**သံသာ**

## ကမ္ဘာ့အကြီးမားဆုံးပျားတူကောင်ကို တွေ့ရှိ



မြန်မာနိုင်ငံနဲ့ နယ်ချင်းထိစပ်နေတဲ့ **တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ပူအာမြို့မှာ ကမ္ဘာ့အကြီးမားဆုံးပျားတူပဆုပ်ပနီကောင်ကြီးကို တွေ့ရှိထားခဲ့တယ်**လို့ သိပ္ပံပညာရှင်တွေက ဆိုပါတယ်။ **ကမ္ဘာပေါ်မှာတွေ့ရှိထားခဲ့သမျှ ပျားတူကောင်တွေထဲမှာ အရွယ်အစားအကြီးမားဆုံးလို့ဆိုရနိုင်တဲ့** ဧရာမပျားတူကောင်ကြီးဖြစ်တယ်လို့ သိပ္ပံပညာရှင်တွေက ဆိုပါတယ်။ Vespa mandarinia လို့ဆိုတဲ့ အဆိုပါပျားတူကောင်က **တောင်ပံစုစုပေါင်းအရှည် ၉ ဒသမ ၃၅ စင်တီမီတာရှိပြီး** ယခင်ကစံချိန်တင်ထားတဲ့ ပျားတူကောင်ထက် အရွယ်အစားပိုကြီးတယ်လို့ စီချွမ်ပြည်နယ်၊ အင်းဆက်ပြတိုက်မှ ပြတိုက်မှူးကျောင်းလီက ဆိုပါတယ်။ **ပျားတူဘုရင်မကိုတော့ မတွေ့ကြသေးဘဲ ပျားတူဘုရင်မက ဒီအကောင်ထက်တောင် ပိုပြီးအရွယ်အစားကြီးနေနိုင်သေးတယ်**လို့ ကျောင်းလီက ဆိုပါတယ်။ အခုတွေ့ရှိထားတဲ့ **ပျားတူကောင်ရဲ့ခန္ဓာကိုယ်အရှည်က ၆ စင်တီမီတာရှိပြီး** ၎င်းနေထိုင်တဲ့ ပျားတူအုံရဲ့အတွင်းပိုင်းအချင်းက ၆ ပေ ၅ လက်မရှိတယ်လို့ ကျောင်းလီကဆိုပါတယ်။ ပျားတူကောင်မျိုးစိတ်နမူနာပေါင်း ၁၀၀ ကျော် စုဆောင်းထားခဲ့တဲ့အထဲမှာ ယခုတွေ့ရှိထားတဲ့ ပျားတူကောင်ကြီးကတော့ မျိုးစိတ်ခွဲအသစ်တစ်ခုဖြစ်တယ်လို့ ကျောင်းလီက ဆိုပါတယ်။ ဒီပျားတူကောင်ရဲ့အဆိပ်ဆူးက ၆ ဒသမ ၃၅ မီလီမီတာထိ ရှည်လျားပြီး အလွန်ပြင်းထန်တဲ့အဆိပ်နဲ့ တိုက်ခိုက်နိုင်စွမ်းရှိတယ်လို့ ကျောင်းလီကဆိုပါတယ်။ ပျားတူကောင်က **ကမ္ဘာ့အန္တရာယ်အများဆုံးအင်းဆက်စာရင်းဝင်ဖြစ်ပြီး ကမ္ဘာပေါ်မှာ ပျားတူအမျိုးအစားပေါင်း ၅၀၀၀ ကျော်ရှိတယ်လို့** သိရပါတယ်။ ယခင်က ကမ္ဘာ့အကြီးမားဆုံးပျားတူကောင်အဖြစ် စံချိန်တင်ထားခဲ့တဲ့ပျားတူကောင်ရဲ့ အတောင်ပံစုစုပေါင်းအရှည်က ၇ ဒသမ ၆ စင်တီမီတာသာရှိပြီး ယခုပျားတူကောင်က ပိုကြီးနေတာကိုတွေ့ရပါတယ်လို့ ကျောင်းလီက ဆိုပါတယ်။

**(PCD, 9.3.19)**

**သံသာ**

## သုတေသီများက ရှေးဟောင်းတရုတ်သင်္ချိုင်းဂူကြီးထဲတွင် နာမည်ကျော်မသေဆေးကို ရှာဖွေတွေ့ရှိဟုဆို



တရုတ်နိုင်ငံ ဟီနန်ပြည်နယ်တွင် ပြီးခဲ့သည့်နှစ်က ရှာဖွေတူးဖော်မှုများပြုလုပ်ရာတွင်တွေ့ရှိခဲ့သောထူးဆန်းသည့်အဝါရောင်အရည်များမှာ **သမိုင်းတွင်ရေးသားဖော်ပြခဲ့ကြသည့်နာမည်ကျော်မသေဆေးဖြစ်သည်ဟု** ရှေးဟောင်းသုတေသီများက ဆိုခဲ့ကြကြောင်း သိရသည်။

ယဉ်ကျေးမှုအမွေအနှစ်နှင့် ရှေးဟောင်းသုတေသပညာရပ်ဆိုင်ရာတက္ကသိုလ်၏အကြီးအကဲရှီကျားကျန်းက "တရုတ်နိုင်ငံမှာ သမိုင်းဝင်မသေဆေးကို ပထမဆုံးအကြိမ်ရှာဖွေတွေ့ရှိတာဖြစ်ပါတယ်" ဟု ဆိုခဲ့သည်။ မသေဆေးဖော်စပ်သည့် ရှေးတရုတ်အတွေးအခေါ်များနှင့် တရုတ်လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုတို့ကိုလေ့လာရန်အတွက် အဖိုးမဖြတ်နိုင်သောရှာဖွေတွေ့ရှိမှုဖြစ်သည်။ Luoyang မြို့ရှိ **၂၂၆၀ စတုရန်းပေကျယ်ဝန်းသောသင်္ချိုင်းဂူထဲမှရရှိသည့်ကြေးအိုး**သည် အနောက်ပိုင်းဟန်မင်းဆက်ခေတ်မှဖြစ်သည်။ ဆေးခြယ်ထားသည့်ရွှံ့အိုးများနှင့် ငန်းပုံမီးအိမ်အပါအဝင် အခြားရှေးဟောင်းလက်ရာများကိုပါရှာဖွေတွေ့ရှိခဲ့သော်လည်း နှစ်ပေါင်း ၂၀၀၀ ခန့်ကြာအောင် ကြေးအိုးထဲတွင်ရှိနေခဲ့သည့်အရည်ကိုသာ သုတေသီများက စိတ်ဝင်စားလျက်ရှိနေသည်။ **ဝိုင်နံ့သင်းသောအဝါရောင်အရည်သည် ၃.၅ လီတာခန့်ရှိပြီး** ပါဝင်သည့်အရက်အမျိုးအစားကိုခွဲခြားရန်စမ်းသပ်ရာမှ **ပိုတက်စီယမ်နိုက်ထရိတ်နှင့်အလူနိုက်ဓာတ်သတ္တုအရောဖြစ်နေသည်ကိုသိရှိခဲ့ကြခြင်း**ဖြစ်သည်။ အရည်ထဲတွင်ပါဝင်နေသည့်အရာများသည် **သမိုင်းစာများတွင်ဖော်ပြခဲ့သောမသေဆေးတွင်ပါဝင်သည့်ပစ္စည်းများနှင့်တူညီနေသည့်အခါမှသာ သမိုင်းဝင်မသေဆေးဖြစ်နိုင်ကြောင်း** သိရှိခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

**(AP,9.3.19) အေးယုနိုင်**

## ကိုးနှစ်သမီးလေးက စီစီတီဗီကင်မရာအလုံး ၃၀ ဝယ်ယူကာ ရဲတပ်ဖွဲ့ကို လှူဒါန်း




**ရဲတပ်ဖွဲ့အတွက် တတိယမျက်လုံးဖြစ်ပြီး အလွန်အရေးပါသောစီစီတီဗီကင်မရာအလုံး ၃၀ ကို ကိုးနှစ်သမီးလေး S Srihita ကဝယ်ယူကာ ချန်နိုင်းရဲတပ်ဖွဲ့ကို လှူဒါန်းခဲ့သည်**ဟု သိရသည်။

သုံးတန်းကျောင်းသူလေး S Srihita က ဖခင်၏ရုံးအနီးတွင်တည်ရှိသောချန်နိုင်းရဲစခန်းကဦးစီးကျင်းပသည့်အခမ်းအနားတစ်ခုသို့ရောက်ရှိခဲ့ပြီးနောက် စီစီတီဗီကင်မရာများ၏အရေးပါပုံကိုသိရှိကာ ရဲတပ်ဖွဲ့အား မိမိကိုယ်ပိုင်နည်းလမ်းဖြင့် ထောက်ပံ့ကူညီလိုစိတ်ပြင်းပြနေခဲ့သည်။ ရက်အနည်းငယ်အကြာတွင် S Srihita ၏**မွေးနေ့ပွဲအတွက် ဖခင်ကစုပေးထားသောငွေများဖြင့် ပျော်ရွှင်စွာမွေးနေ့ပွဲကျင်းပရမည့်အစား စီစီတီဗီအလုံး ၃၀ ဝယ်ယူကာ ရဲစခန်းတွင်လှူဒါန်းခဲ့ခြင်း**ဖြစ်သည်။ ဖခင်ဖြစ်သူက ရဲစခန်းကိုဖုန်းဆက်အကြောင်းကြားပေးကာ သမီးငယ်၏စီစီတီဗီများလှူဒါန်းလိုစိတ်ပြင်းပြပုံကိုပြောပြခဲ့သည်။ ချန်နိုင်းရဲတပ်ဖွဲ့က S Srihita ၏ အသက်အရွယ်နှင့်မလိုက်အောင် အကျိုးပြုလိုစိတ်နှင့်စဉ်းစားတွေးခေါ်ဉာဏ်ရှိပုံတို့ကြောင့် စီစီတီဗီကင်မရာများဖွင့်ပွဲနေ့တွင် ချန်နိုင်းရဲတပ်ဖွဲ့၏ရဲမင်းကြီး AK Viswanathan ကိုယ်တိုင် ကိုးနှစ်သမီးလေး S Srihita အား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်ခဲ့သည်ဟု သိရသည်။

**(AP,9.3.19) အေးယုနိုင်**

## ဝန်ထမ်းများ ဟွာဝေးပစ္စည်းမသုံးရဟုသတ်မှတ်ထားသည့် အမေရိကန်အစိုးရကို ဟွာဝေးတရားစွဲ




**ဖက်ဒရယ်အစိုးရအေဂျင်စီများတွင်တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ ဟွာဝေးကုန်ပစ္စည်းများ မသုံးစွဲရဟု အမေရိကန်အစိုးရက သတ်မှတ်ထားသဖြင့် ဟွာဝေးက အမေရိကန်အစိုးရကို တရားစွဲဆိုလိုက်ပြီဖြစ်သည်၊ ဟွာဝေးသည် တက္ကဆက်တွင် အမေရိကန်ရုံးချုပ်ဖွင့်လှစ်ထားပြီး** ယင်းဒေသတွင် အစိုးရကို တိုင်ချက်ဖွင့်လိုက်ပြီဖြစ်သည်။ ဟွာဝေးကို အမေရိကန်အစိုးရ စွဲဆိုထားသည့်အမှု ပိုပြီးလူသိရှင်ကြားဖြစ်လာစေရန်ဟွာဝေးက ယင်းသို့စီစဉ်လိုက်ခြင်းဖြစ်ဖွယ်ရှိသည်။ **အမေရိကန်အစိုးရက ဟွာဝေးကုမ္ပဏီအားပျော့လာစေရန် အကွက်ကျကျလုပ်ဆောင်နေသဖြင့် ဟွာဝေးက ယင်းနည်းဖြင့် တွန်းလှန်လိုက်ခြင်းဖြစ်သည်၊** ဟွာဝေးကြောင့် နိုင်ငံလုံခြုံရေးကို ထိပါးသွားနိုင်သည်ဟု အမေရိကန်အစိုးရကယူဆသည်။ ကမ္ဘာအနှံ့သုံးစွဲသူများကြား နာမည်ပြန်တက်လာစေရန် ဟွာဝေးက မားကက်တင်းအစီအစဉ်များဆွဲပြီး လုပ်ဆောင်နေသည်။ တရုတ်အစိုးရသည် **ဟွာဝေး၏ ဆက်သွယ်ရေးနည်းပညာကိရိယာများကိုသုံးကာ ဆက်သွယ်ရေးကွန်ရက်များကို သူလျှိုလုပ်နိုင်၊ အနှောင့်အယှက်ပေးနိုင်သည်ဟု အမေရိကန်အစိုးရ ယူဆထားသည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်သည်၊** ယင်းစွပ်စွဲချက်များကို ဟွာဝေးက အတန်တန်ငြင်းဆိုထားသည်။ အခြားသောအစိုးရများကိုလည်း ဟွာဝေးကုန်ပစ္စည်းများမသုံးရန် အမေရိကန်အရာရှိများက တိုက်တွန်းထားသည်။

**(CNA, 8.3.19) ချယ်ရီ**

www.free4readers.com

## ဖော့ဘ်မဂ္ဂဇင်း၏ကမ္ဘာ့အချမ်းသာဆုံး လူပုဂ္ဂိုလ်စာရင်းတွင် ဂျက်ဖ်ဘီဇိုးက ထိပ်ဆုံးမှဆက်လက်ရပ်တည်နေနိုင်



မတ်လ ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သော ဖော့ဘ်မဂ္ဂဇင်း၏ကမ္ဘာ့အချမ်းသာဆုံးလူပုဂ္ဂိုလ်စာရင်းတွင် **အမေဇုန်တည်ထောင်သူဂျက်ဖ်ဘီဇိုးက ထိပ်ဆုံးမှဆက်လက်ရပ်တည်နေနိုင်ခဲ့သည်**ဟု သိရသည်။

**ဖေ့စ်ဘွတ်တည်ထောင်သူမက်စ်ဇူကာဘာ့ဂ်က သုံးဆင့်ကျသွားခဲ့ပြီး** L'Oreal အမွေဆက်ခံသူ Francoise Bettencourt နှင့် Crystal Bridges Museum of American Art ဥက္ကဋ္ဌ Alice Bridges တို့နှစ်ဦးသာလျှင် ထိပ် ဆုံးအယောက် ၂၀ စာရင်းတွင်ပါဝင်နိုင်သည့်အမျိုးသမီးနှစ်ဦးဖြစ်သည်။ ဆယ်စုနှစ်တစ်ခုအတွင်း အရင်းရှင်များနေရာယူနိုင်ခဲ့သောဒုတိယမြောက်နှစ်ဖြစ်သည်ဟု ဖော့ဘ်မဂ္ဂဇင်းက ဆိုခဲ့သည်။ **ဘီလျံနာအရေအတွက်သာမက ဘီလျံနာများ၏ကြွယ်ဝမှုများလည်း လျော့ကျသွားခဲ့သည့်အတွက် အချမ်းသာဆုံးပုဂ္ဂိုလ်များပင်လျှင် စီးပွားရေးအင်အားစုများနှင့် ယုတ်လျော့လာသည့်စတော့ရှယ်ယာဈေးကွက်ကို ခံနိုင်ရည်မရှိကြောင်း** ပြသရာရောက်ပြီး **အာရှပစိဖိတ်ဒေသမှာ အထိနာဆုံးဖြစ်သည်၊ တရုတ်နိုင်ငံသည် လွန်ခဲ့သည့်တစ်နှစ်ခန့်ကထက် ဘီလျံနာ ၄၉ ဦးလျော့ကျသွားခဲ့ပြီး ဥရောပ၊အရှေ့အလယ်ပိုင်းနှင့်အာဖရိကတွင်လည်း ဘီလျံနာများနည်းပါးလာခဲ့သည်၊ နံပါတ်တစ်နေရာတွင်ရပ်တည်နေနိုင်သည့် ဂျက်ဖ်ဘီဇိုး၏ပိုင်ဆိုင်မှုသည် ၁၃၁ ဘီလျံခန့်ရှိပြီး** တစ်နှစ်အတွင်း ၁၉ ဘီလျံထပ်မံတိုးပွားလာခဲ့သည်။ **ဒုတိယနေရာတွင်ရပ်တည်နေသည့်ဘီလ်ဂိတ်၏ ပိုင်ဆိုင်မှုမှာ ၉၀ ဘီလျံမှ ၉၆.၅ ဘီလျံဖြစ်လာသည်၊ နံပါတ်သုံးနေရာတွင် ၈၂.၅ ဘီလျံဖြင့် Warren Buffet** ၊နံပါတ်လေးနေရာတွင် ဒေါ်လာ ၇၆ ဘီလျံဖြင့် Bemard Arnault ၊နံပါတ်ငါးနေရာတွင် ဒေါ်လာ ၆၄ ဘီလျံဖြင့် Carlos Slim Helu ၊နံပါတ်ခြောက်နေရာတွင် ဒေါ်လာ ၆၂.၇ ဘီလျံဖြင့် Amancio Ortega ၊နံပါတ်ခုနစ်နေရာတွင် ဒေါ်လာ ၆၂.၅ ဘီလျံဖြင့် Larry Ellison ၊နံပါတ်ရှစ်နေရာတွင် ဒေါ်လာ ၆၂.၃ ဘီလျံဖြင့် မက်စ်ဇူကာဘာ့ဂ်၊နံပါတ်ကိုးနေရာတွင် ဒေါ်လာ ၅၅.၅ ဘီ လျံဖြင့် Michael Bloomberg နှင့်နံပါတ် ၁၀ နေရာတွင် ဒေါ်လာ ၅၀.၈ ဘီလျံဖြင့် Larry Page တို့က အသီးသီးရပ်တည်နေနိုင်ခဲ့ကြသည်ဟု သိရသည်။

(AP,9.3.19) အေးယုနိုင်

## ငါးနှစ်သားလေးကို ပင်မဆဲလ်လှူဒါန်းပေးနိုင်ရန် လူပေါင်း ၅၀၀၀ နီးပါးက မိုးရေထဲတွင် နာရီပေါင်းများစွာကြာအောင် စောင့်ဆိုင်းစစ်ဆေးမှုခံယူခဲ့



ဗြိတိန်နိုင်ငံ Worcester မြို့တွင် **ရှားပါးကင်ဆာတစ်ခုကြောင့် အသက်အန္တရာယ်နှင့်ရင်ဆိုင်နေရသောငါးနှစ်သားလေးအတွက် ပင်မဆဲလ်လှူဒါန်းပေးနိုင်ရန် လူပေါင်း ၅၀၀၀ နီးပါးက မိုးရေထဲ၌ နာရီပေါင်းများစွာကြာအောင်စောင့်ဆိုင်းကာ စစ်ဆေးမှုခံယူခဲ့ကြသည်**ဟုသိရသည်။

မိဘများက သားဖြစ်သူအော်စကာ ဆာဆဲလ်ဘီလီအတွက် အသနားခံခဲ့ပြီးနောက် ပင်မဆဲလ်ချင်းတူနိုင်ခြေရှိသောအလှူရှင်များရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။ ပြီးခဲ့သည့်ဒီဇင်ဘာလ ၂၈ ရက်က သွေးကင်ဆာရောဂါတစ်မျိုးကို ခံစားနေရကြောင်းသိရှိခဲ့ပြီးနောက် **သုံးလအတွင်း ပင်မဆဲလ်အလှူရှင်ကို ရှာဖွေနိုင်မှသာ အသက်ရှင်နိုင်လိမ့်မည်**ဟု ဆရာဝန်များက ဆိုခဲ့ကြသည်။ ပြီးခဲ့သည့်အားလပ်ရက်အတွင်း အလှူရှင်များကို Pitmaston မူလတန်းကျောင်း၌စမ်းသပ်မှုများလုပ်ဆောင်ခဲ့ရာတွင် လူ ၅၀၀၀ နီးပါးရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ အော်စကာကို ဆေးကုသမှုများစတင်ချိန်တွင် မိဘများက Hand in Hand for Oscar ဟူသောခေါင်းစဉ်ဖြင့် ပင်မဆဲလ်အလှူရှင်ရှာဖွေမှုကို လုပ်ဆောင်နေခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

(AP,9.3.19) အေးယုနိုင်

## အမေရိကန်က ပါကစ္စတန်နိုင်ငံသားများအတွက် ဗီဇာခွင့်ပြုကာလကို လျှော့ချလိုက်




အမေရိကန်နိုင်ငံကိုလာရောက်မယ့် **ပါကစ္စတန်နိုင်ငံသားတွေအတွက် ဗီဇာခွင့်ပြုကာလကို လျှော့ချလိုက်ပြီး ဗီဇာကြေးကိုလည်း သက်ဆိုင်ရာဗီဇာအမျိုးအစားအလိုက် တိုးမြှင့်လိုက်ကြောင်း** ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ထုတ်ပြန်ကြေညာလိုက်ပါတယ်။ **ဗီဇာခွင့်ပြုကာလသုံးလအထိ လျှော့ချမှုက ပါကစ္စတန်သတင်းထောက်တွေအတွက်ဖြစ်ပြီး ယခင်ကပါကစ္စတန်သတင်းထောက်တွေအတွက် ဗီဇာခွင့်ပြုကာလက ငါးနှစ်ဖြစ်တယ်လို့သိရပါတယ်၊ အလုပ်ဗီဇာနဲ့ သာသနာပြုဗီဇာတွေအတွက်က ယခင်ခွင့်ပြုကာလ ငါးနှစ်ရှိခဲ့ရာကနေတစ်နှစ်ထိ လျှော့ချသတ်မှတ်လိုက်ပြီး အလည်အပတ်၊ ကုန်သွယ်ရေးနဲ့ ပညာသင်မှုအတွက် ဗီဇာတွေကိုတော့ ငါးနှစ်ခွင့်ပြုချက်ကို မပြောင်းလဲဘူးလို့ သိရပါတယ်၊ ပြီးခဲ့တဲ့နှစ်က ပါကစ္စတန်ဘက်ကလည်း အမေရိကန်သတင်းထောက်တွေကို အလားတူ ဗီဇာခွင့်ပြုကာလ သုံးလထိ လျှော့ချခဲ့တာဖြစ်ပြီး ဒီလုပ်ရပ်ကို အမေရိကန်က တုံ့ပြန်လိုက်တာဖြစ်ပါတယ်၊ ပါကစ္စတန်နိုင်ငံသားတွေအတွက် ဗီဇာကြေးကိုလည်း** ဒေါ်လာ ၁၆၀ ကနေ ၁၉၃ ဒေါ်လာထိ တိုးမြှင့်လိုက်တယ်လို့သိရပါတယ်။ ကက်ရှ်မီးယားဒေသမှာ ပါကစ္စတန်အခြေစိုက်အကြမ်းဖက်အဖွဲ့က တိုက်ခိုက်မှုကြောင့် အိန္ဒိယတပ်ဖွဲ့ဝင် ၄၀ ကျော်ကျဆုံးခဲ့ရတဲ့ ဖြစ်ရပ်နောက်ပိုင်း ပါကစ္စတန်အနေနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေကို အကာအကွယ်ပေးနေမှုတွေကို ရပ်တန့်ဖို့ အမေရိကန်ဘက်က တိုက်တွန်းမှုတွေရှိခဲ့ပြီး အကြမ်းဖက်ဖြိုခွင်းအရေးယူမှုပျက်ကွက်တဲ့ပါကစ္စတန်နိုင်ငံအတွက် အမေရိကန်ရဲ့ ဘဏ္ဍာရေးထောက်ပံ့မှုတွေကိုပါ ရပ်ဆိုင်းထားခဲ့တာဖြစ်ပါတယ်။

(Indian Express, 9.3.19) သံသာ

## အိုစမာဘင်လာဒင်ကိုပစ်သတ်ခဲ့သူက သားဖြစ်သူဟမ်ဇာဘင်လာဒင်အား အလားတူကံကြမ္မာနှင့်ကြုံတွေ့ရလိမ့်မည်ဟု သတိပေး



၂၀၁၁ ခုနှစ်က အိုစမာဘင်လာဒင်ကို ပစ်သတ်ခဲ့သော Navy Seal အဖွဲ့ဝင်တစ်ဦးက သားဖြစ်သူဟမ်ဇာဘင်လာဒင်အား အလားတူကံကြမ္မာနှင့်ကြုံတွေ့ရလိမ့်မည်ဟု သတိပေးလိုက်ကြောင်း သိရသည်။

**ဟမ်ဇာသည် လက်ရှိပါကစ္စတန်တွင် ပုန်းအောင်းနေပြီး အမေရိကန်အစိုးရက ဒေါ်လာတစ်သန်းဆုငွေထုတ်ပြန်ထားသော်လည်း မူးယစ်ဂိုဏ်းခေါင်းဆောင်များက အကာအကွယ်ပေးထားသည်ဟု ယူဆရသည်။** ၂၀၁၁ ခုနှစ်တွင် ဖခင်သေဆုံးပြီးကတည်းက ဟမ်ဇာသည် ကမ္ဘာလုံးဆိုင်ရာဂျီဟတ်လှုပ်ရှားမှုကို အရှိန်မြှင့်တင်ခဲ့သည်။ လွန်ခဲ့သည့်ရှစ်နှစ်နီးပါးက ပါကစ္စတန်ရှိအိုစမာဘင်လာဒင်၏ခြံဝန်းကို ဝင်ရောက်စီးနင်းခဲ့သည့် Navy Seal အဖွဲ့ဝင်တစ်ဦးဖြစ်သော Rob O'Neil က **ဟမ်ဇာအားခေတ်နောက်ကျနေသောအတွေးအခေါ်များအတွက်ပေးဆပ်ရသည်မှာ မတန်ကြောင်းနှင့်ဖခင်ကဲ့သို့ အလားတူကံကြမ္မာကိုကြုံတွေ့ရနိုင်ကြောင်း** သတိပေးပြောဆိုခဲ့ခြင်းဖြစ်သည်။ **ဟမ်ဇာသည် အနည်းဆုံးသားသမီးအယောက် ၂၀ ခန့်ရှိသည့်အိုစမာဘင်လာဒင်၏ ၁၅ ယောက်မြောက်ကလေးဖြစ်ပြီး တတိယဇနီးနှင့်ရရှိခဲ့ခြင်းဖြစ်သည်**ဟု သိရသည်။

(AP,9.3.19) အေးယုနိုင်

## ဝလွန်းသဖြင့် ချစ်သူ၏စွန့်ပစ်ခံရသည့်မိန်းကလေး လည်ပြန်ငေးလောက်ဖွယ် ကျစ်လျစ်လှပသည့် ကာယအလှမယ်ဖြစ်လာ



တရုတ်နိုင်ငံက ဝေရှောင်တင်ဆိုသူမိန်းကလေးက **ဝလွန်းနေတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ချစ်သူရဲ့စွန့်ပစ်ခံလိုက်ရတဲ့အတွက် နာကျင်ခံစားခဲ့ရပြီး အတန်းဖော်တွေရဲ့လှောင်ပြောင်တာကိုပါခံခဲ့ရပေမယ့် စိတ်ဓာတ်မကျဘဲ နာကျင်မှုကို ရဲရင့်မှုအဖြစ် ပြောင်းလဲလိုက်ကာ အားကစားလိုက်စားသူဖြစ်လာခဲ့ပါတယ်၊** နွေ့စဉ် Gymပုံမှန်သွားပြီး ကာယအားကစားလေ့ကျင့်မှုတွေ စွဲစွဲမြဲမြဲလုပ်ဆောင်ခဲ့ပြီးတဲ့နောက် နှစ်နှစ်အကြာမှာပဲ ပုံမှန်အမျိုးသမီးတွေတောင် အားကျရလောက်တဲ့ ကျစ်လျစ်သန်မာတဲ့ အားကစားအလှမယ်တစ်ဦးအဖြစ် ပြောင်းလဲပြနိုင်ခဲ့ပါတယ်။ အသက် ၂၁ နှစ်အရွယ် ဝေရှောင်တင်က ဝဝပြည့်ပြည့်လေးဆိုပေမယ့် ချစ်သူက သူရဲ့ခန္ဓာကိုယ်ကိုကြည့်ပြီး အမြဲလိုလိုနှိမ်ချပြစ်တင်နေခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးမှာ ချစ်သူရဲ့ စွန့်ပစ်မှုခံလိုက်ရပြီး နာကျင်ခံစားမှုက အတိုင်းအဆမရှိဖြစ်ခဲ့ရကာ စိတ်ဓာတ်ကျနေခဲ့ရတယ်လို့လည်း ဝေက ဆိုပါတယ်။ ပျော့ညံ့မှုတွေကို စိတ်ပျက်လာခဲ့ပြီး သန်စွမ်းကြံ့ခိုင်တဲ့စိတ်နဲ့အတူ ကျစ်လျစ်လှပလိုတဲ့အတွက် လေ့ကျင့်ခန်းတွေပုံမှန်လုပ်ခဲ့ပြီး နှစ်နှစ်အကြာမှာတော့ ဝမ်းဗိုက်ကြွက်သားအဖုအထစ်တွေပါရလာတဲ့အထိ ကြွက်သားကျစ်လျစ်လာခဲ့တာပါလို့ ဝေကဆိုပါတယ်။ **ဘီကီနီကာယအလှမယ်ပြိုင်ပွဲ ဝင်ပြိုင်ဖို့ဆုံးဖြတ်ခဲ့ကာ နှစ်နှစ်မြောက်ယှဉ်ပြိုင်မှာ ချန်ပီယံဆုရရှိခဲ့ပါတယ်**လို့ ဝေက ဆိုပါတယ်။ လေ့ကျင့်ခန်းတွေက ခန္ဓာကိုယ်အတွက်တင်မကဘဲ ကိုယ်ကိုယ့်ကို ယုံကြည်မှုပါတည်ဆောက်လာနိုင်စေတဲ့အထိ အကျိုးရှိခဲ့တယ်လို့ ဝေကဆိုပါတယ်။ **ချစ်သူအသစ်လည်းရခဲ့ပြီး သူရဲ့လက်ရှိချစ်သူရည်းစားကလည်း ကာယအလှပြိုင်ပွဲဝင်ဖို့ကြိုးစားနေတဲ့ တောင့်တောင့်ဖြောင့်ဖြောင့်ခန္ဓာကိုယ်နဲ့ ကောင်လေးပါ**ပဲလို့ဝေက ဆိုပါတယ်။ သူတို့နှစ်ဦးလုံးက လိုက်ဖက်တဲ့စုံတွဲဖြစ်သလို တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှု၊ မြတ်နိုးမှုတွေနဲ့ပါနှစ်နှစ်ကာကာ ချစ်ကြတာမို့ ဝေကိုချန်ထားခဲ့တဲ့ ချစ်သူဟောင်းအတွက်တော့ စိတ်မကောင်းပါဘူးလို့ ဝေရှောင်တင်ကို ချစ်တဲ့လူမှုမီဒီယာက ပရိသတ်တွေကလည်း အားပေးပြောဆိုခဲ့ကြပါတယ်။

(DM, 9.3.19) သံသာ

# Medipolis Proton Therapy & Research Center နှင့် Sea Lion Group တို့ လက်မှတ်ရေးထိုးပွဲ ပြုလုပ်




ကင်ဆာရောဂါဝေဒနာရှင်များအတွက် ဂျပန်နိုင်ငံမှ **Medipolis Proton Therapy & Research Center** နှင့် မြန်မာနိုင်ငံတွင်ဆေးကုသခြင်းဆိုင်ရာ လွှဲပြောင်းပေးခြင်းဝန်ဆောင်မှုလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နေသည့်အဖွဲ့အစည်းဖြစ်သော **Sea Lion Group** တို့ ပူးပေါင်းလက်တွဲ၍ အဆင့်မြင့်ဓာတ်ရောင်ခြည်ဆိုင်ရာ ကုသမှုဖြစ်သော ပရိုတွန်ရောင်ခြည်ကုထုံးဝန်ဆောင်မှုများအတွက် နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပွဲ ကို မတ်လ ၉ ရက်က ရန်ကုန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပခဲ့သည်။ Medipolis Proton Therapy & Research Center သည် အဆင့်မြင့်သိပ္ပံနည်းပညာများဖြင့် ကင်ဆာရောဂါခံစားနေရသူများတွင် ကိုယ်ရောစိတ်ပါဝေဒနာခံစားမှုနည်းစေရန် ပရိုတွန်ရောင်ခြည်ကုထုံးဖြင့် အကောင်းဆုံးကုသပေးနေကြောင်း သိရသည်။

ဝဂျ

# The LOTTE Foundation က ပညာသင်ထောက်ပံ့ကြေးပေးအပ်




The LOTTE Foundation က မြန်မာနိုင်ငံ **YUFL ကျောင်း Scholarship အတွက် ပညာသင်ဆုပေးအပ်ခြင်း** ကို ၂၀၁၇ ဖေဖော်ဝါရီလတွင် စတင်ခဲ့ပြီး စုစုပေါင်း ကျောင်းသား/သူ ၉၀ ဦးအား ပညာသင်ဆုပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၇ တွင် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး၊ ၂၀၁၈ တွင် ကျောင်းသား၊ ကျောင်းသူ ၄၀ ဦး၊ ယခု တတိယအကြိမ် ၂၀၁၉ တွင် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးကို ပံ့ပိုးပေးခဲ့ပါသည်။ YUFL ကျောင်းသား၊ ကျောင်းသူများအား ၂၀၁၉ ဒုတိယ နှစ်ဝက်ပိုင်းတွင်လည်း Scholarship ထပ်မံပေးအပ်ရန် စီစဉ်လျက်ရှိပါသည်။ နောက်ပိုင်းတွင် LOTTE MGS, LOTTE Confectionery, LOTTE Hotel & Resorts, LOTTERIA တို့ပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူများကို ငွေကြေးထောက်ပံ့ပေးသည့် ပမာဏကိုတိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း The LOTTE Foundation ထံမှ သိရသည်။ ■

# Rose Garden Hotel Wedding Fair 2019 ပြုလုပ်မည်

**Myanmar Wedding Talk** မှ ဦးစီးကျင်းပသော **Rose Garden Hotel Wedding Fair 2019** ကို မတ်လ ၃၀ မှ ၃၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး **Aroma** နှင့် နာမည်ကျော်ဒီဇိုင်နာများ၏ဝတ်စုံများကို နာမည်ကြီးအနုပညာရှင်များစွာကဝတ်ဆင်ပြသသွားမည့်အပြင် မင်္ဂလာမောင်မယ်များအတွက် အထူးလျှော့ဈေးဖြင့် မင်္ဂလာပွဲအစီအစဉ်များကိုရောင်းချပေးသွားမည်ဟုသိရသည်။ ယင်းအပြင် အဆိုပါပွဲကို လာရောက်ကြသူ မင်္ဂလာမောင်နှံများအနေဖြင့် မင်္ဂလာမဆောင်ခင် ပွဲအတွင်း လာရောက်လေ့လာပါကကံစမ်းမဲအဖြစ် အာရှနိုင်ငံသို့ ပျော်ရည်ဆမ်းခရီးစဉ်များ၊ ကလော၊ ငပလီ စသည့်နေရာများကိုလည်း အခမဲ့တည်းခိုနိုင်သည့် လက်မှတ်များကို ပြုလုပ်ပေးမည်ဖြစ်ကြောင်းသိရသည်။ ဝဂျ












www.free4readers.com



# ပြည်မြန်မာ



ဇန်နဝါရီလက ဦးပိန်တံတားအနီးတွင် အလှပြပျံသန်းခဲ့စဉ်

## ထိုင်း - မြန်မာ ပူးပေါင်း၍ ပုဂံတွင် ပါရာမိုတာ အလှပြပျံသန်းမည်

စာ-၁၁





## ပုဒ်မ ၅၉(စ)ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ရန်ကုန်တွင် ဆန္ဒထုတ်ဖော်

စာ-၈



ဓာတ်ပုံ-တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

ထိန်းသိမ်းမခံရမီ တစ်ရက်အလို ၉-၃-၂၀၁၉ ရက်က ကော့သောင်းမြို့တွင်









၁၀-၃-၂၀၁၉ ရက်တွင် ကော့သောင်းမြို့မှ ထားဝယ်သို့ လေယာဉ်ဖြင့် ခေါ်ဆောင်စဉ် ကော့သောင်းလေဆိပ်၌ မြင်တွေ့ရပုံ

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာလဲ့လဲ့မော် အား ထားဝယ်အကျဉ်းထောင်သို့ ပို့ဆောင်

စာ-၇



စာ-B

## Miss Eco International ပြိုင်ပွဲသို့ မြန်မာအလှမယ် သိုင်းသူသူဇေယျ သွားရောက်ယှဉ်ပြိုင်



## ရခိုင်ပြည်နယ်တွင် စစ်ဘေးရှောင်ဦးရေ တစ်သောင်းအထိရှိလာ ဟုဆို





## အလှမယ် ထက်ထက်ထွန်း စည်ပင်ဈေးကောက်ပွဲအတွက် မဲဆွယ်

စာ-၈




www.free4readers.com




